ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၃၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၇၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၉.၀၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၀၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ၄-၈-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ တရားဥပဒေစိုးမိုးရေး ဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကြမ်းအစည်းအဝေး။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်လှထွေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးကိုကိုနိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးနှင့် ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ မြန်မာ့ကျောက်မျက်ရတနာအသင်း ဥက္ကဋ္ဌများ၏ ထိပ်သီးအစည်းအဝေး တက်ရောက်ရန်တို့ပဲ ဖြစ် ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၃)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပန်ကြားသူ(၄၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၄၇) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီး၊ မြို့ငယ်များတွင် ယခင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ရုံးများနှင့် စာကြည့်တိုက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများအဖြစ် စနစ်တကျ ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး က နိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီး၊ မြို့ငယ်များတွင် ယခင် ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ရုံးများနှင့် စာကြည့်တိုက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများအဖြစ် စနစ်တကျ ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မအနေနဲ့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့ကြီး၊ မြို့ငယ်တွေမှာ ယခင် ပြန်ကြားရေးဝန်ကြီးဌာနအောက် ရှိ ရုံးများနှင့် စာကြည့်တိုက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများအဖြစ် စနစ်တကျ ပြန်လည် ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပြည်သူကို ဗဟိုပြုတဲ့ ပြည်သူ့အစိုးရလက်ထက်မှာ စတုတ္ထမဏ္ဍိုင်အဖြစ်ရှိနေတဲ့ မီဒီယာ ကဏ္ဍအတွက် အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာမှုရှိပြီး မှန်ကန်တဲ့သတင်းများနဲ့ အချက်အလက် တွေကို ပြည်သူတို့က တိုက်ရိုက်ထိတွေ့ သိရှိဖို့ရန် အလွန်အရေးကြီးပါတယ်။ ဒါမှ ကောင်းမွန်တဲ့ အစိုးရ၊ သန့်ရှင်းတဲ့ အစိုးရတစ်ရပ်ရဲ့ လုပ်ဆောင်မှုတွေကို ပြည်သူတွေက ခံစားနားလည် သိရှိမှာ ဖြစ်ပါတယ်။ အချိန်နှင့်တစ်ပြေးညီ သိသင့်တဲ့ သတင်းအချက်အလက်တွေ၊ ဗဟုသုတဆိုင်ရာ အသိပညာတွေ၊ ဥပဒေပြဋ္ဌာန်းချက်တွေ၊ ညွှန်ကြားချက်တွေ၊ အကြံပြုချက်တွေနဲ့ဆိုင်တဲ့ စာအုပ်၊ စာစောင်တွေ လေ့လာသိရှိရတဲ့အတွက် မလိုလားအပ်တဲ့ ပြဿနာတွေ၊ ဒုစရိုက်ကျူးလွန်မှုတွေကို ထိန်းသိမ်းကာကွယ်နိုင်ရုံမက ပြည်သူတွေ အသိပညာတိုးပြီး နိုင်ငံသားအဆင့်အတန်း မြင့်မားလာမှာ ဖြစ်ပါတယ်။

မကြာသေးမီကပဲ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း စာဖတ်ခြင်းဖြင့် အကျိုးများစေ ခြင်းကို တိုက်တွန်းထားတာ တွေ့ရပါတယ်။ မတ်လ ၁၄ ရက်နေ့၊ အမျိုးသားလွှတ်တော် ထမင်းစား ဆောင်ခန်းမမှာ ပြန်ကြားရေးဝန်ကြီးဌာနကနေ ဝန်ကြီးဌာနအကြောင်း လာရောက်ရှင်းလင်းတဲ့နေရာမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများ ဖွင့်လှစ်သွားမယ့်အကြောင်း သိရှိခဲ့ရပြီးဖြစ်သလို ၇-၆-၂၀၁၇ ရက်နေ့မှာ ပြန်ကြားရေးဝန်ကြီးမှ အမျိုးသားလွှတ်တော်မှာ မေးခွန်း လာရောက်ဖြေဆိုတဲ့အခါ မှာလည်း ထပ်လောင်းသိရှိခဲ့ရပြီး ဖြစ်ပါတယ်။

ဒါပေမယ့်လည်း လက်ရှိအခြေအနေမှာ ကျွန်မတို့ရဲ့ မဲဆန္ဒနယ်တွေမှာသာမကဘဲ ဒေသအသီးသီးမှာဆိုရင် အခု ယခင်က ပြန်ကြားရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ရုံးတွေနဲ့ မြို့၊ ကျေးရွာအသီးသီးက စာကြည့်တိုက်တွေအနေနဲ့ အစိုးရနဲ့ ပြည်သူအကြား ပြည်သူများရဲ့ အသိတရား မြင့်မားလာရေးကို ပေါင်းကူး ဆောင်ရွက်တဲ့နေရာမှာ အားနည်းနေတာကို တွေ့ရပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်မှာဆိုရင် ယခင်ရုံးတွေနဲ့ စာကြည့်တိုက်တွေကို နှစ်စဉ်နှစ်တိုင်း ဘတ်ဂျက်အမျိုးမျိုးနဲ့ ချမှတ်ဆောင်ရွက်ခဲ့တဲ့ မြို့၊ ကျေးရွာ အသီးသီးက စာကြည့်တိုက်ပေါင်း(၂၀)ကျော်ထဲမှာ လက်ရှိ အသက်ဝင်နေတာ (၄)ခုလောက်ပဲ ရှိပါတယ်။

Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ ဘတ်ဂျက်အသီးသီးနဲ့ ယခင်က ချမှတ်ခဲ့တဲ့ ကျွန်မရဲ့ မဲဆန္ဒနယ်မှာရှိတဲ့ စာကြည့်တိုက်တွေ ဖြစ်ပါတယ်။ ဒါကလည်း ဘတ်ဂျက်အမျိုးမျိုးနဲ့ ချမှတ်ခဲ့တဲ့ စာကြည့်တိုက်တွေ ဖြစ်ပါတယ်။ အခုဆိုရင် နှစ်ပေါင်းများစွာ ကျွန်မရဲ့မြို့၊ သံတောင်မြို့ မဲဆန္ဒနယ်တစ်နေရာမှာ နှစ်ပေါင်းများစွာ ကျွန်မတို့ ပြန်ကြားရေးရုံးအဖြစ်သော်လည်းကောင်း၊ စာကြည့်တိုက်အဖြစ်သော်လည်းကောင်း အသုံးပြုခဲ့တဲ့စာကြည့်တိုက်က ဒီလို အခြေအနေမျိုးကို တွေ့ရမှာဖြစ်ပါတယ်။ အသုံးပြုမှုမရှိသလို အခြားသော လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ရှုပ်ထွေးနေတဲ့ အနေအထားကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုပဲ ကျွန်မရဲ့ မဲဆန္ဒနယ်နဲ့ထပ်တူ အခြားသော မဲဆန္ဒနယ်တွေမှာ ကျေးရွာတွေမှာရှိတဲ့ စာကြည့်တိုက်တွေဟာ ပြိုလဲပျက်စီးနေတာတွေ၊ ပျောက်ကွယ်သွားတာတွေ တွေ့ရမှာဖြစ်ပါတယ်။ ဒါ ပျက်စီးဟောင်းနွမ်းနေတဲ့၊ အသုံးပြုမှု မရှိတဲ့၊ လုပ်ငန်းလည်ပတ်မှုမရှိနေတဲ့ စာကြည့်တိုက်တွေကို တွေ့ရမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အချို့သော စာကြည့်တိုက်တွေဆိုရင် ဆိုင်းဘုတ်တောင် ပျောက်ကွယ်ပြီးတော့ စာကြည့်တိုက်တည်ဆောက်ခဲ့မှန်းတောင် မသိရလောက်အောင် အနေအထားမျိုးတွေ ရောက်ရှိနေတာလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ အစိုးရနဲ့ပြည်သူအကြား ပေါင်းကူးဆောင်ရွက်ဖို့အတွက်သော်လည်းကောင်း၊ နိုင်ငံသားတွေရဲ့ အတွေးအခေါ်၊ ဗဟုသုတနဲ့ ဆင်ခြင်တုံတရား မြင့်မားလာရန်အတွက်သော်လည်းကောင်း၊ အသုံးပြုမှု နည်းပါးပြီး လုပ်ငန်း ကောင်းမွန်စွာဆောင်ရွက်နိုင်ခြင်းမရှိတဲ့ ရုံးတွေ၊ စာကြည့်တိုက်တွေကို ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးရုံးများအဖြစ် အမြန်ဆုံး လည်ပတ်ဆောင်ရွက်နိုင်ဖို့ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်ကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

သံတောင်ကြီးမြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သော စာကြည့်တိုက်များ မြင်ကွင်းပုံ (ဒဒ)



အသုံးပြုမှု မရှိသော သံတောင်မြို့ စာကြည့်တိုက်မြင်ကွင်းပုံ (ဒဒ-၁)



ပျက်စီးပြိုလဲနေသော စာကြည့်တိုက်များ မြင်ကွင်းပုံ (ဒဒ-၂)




**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာဖေမြင့် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ရဲ့ မေးခွန်းအပေါ် ဆွေးနွေး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့ကြီး၊ မြို့ငယ်များမှာ ယခင် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ရုံးများနှင့် စာကြည့်တိုက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများအဖြစ် စနစ်တကျ ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းတဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်အောက်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် ရုံးကြီး(၁၅)ရုံး၊

ရှမ်းပြည်နယ်မှာ တွဲဖက်ပြည်နယ်ရုံး(၂)ရုံး၊ ခရိုင်ရုံး(၇၄)ရုံး၊ မြို့နယ်ရုံး(၂၅၆)ရုံး၊ မြို့ရုံး(၈၇)ရုံး၊ စုစုပေါင်း (၄၃၄)ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာရှိတဲ့ ခရိုင်နှင့် မြို့နယ်ရုံးများမှာရှိတဲ့ စာကြည့်တိုက်များဟာ ကိုယ်စားလှယ်ကြီး ထောက်ပြ၊ ညွှန်ပြခဲ့တဲ့အတိုင်း ပြည်သူများ အသုံးပြုမှု နည်းပါးခဲ့ပါတယ်။ သို့သော် ဒီနေရာမှာ တစ်ခု ဖြည့်စွက်ပြီးပြောချင်တာကတော့ စောစောက ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ စာကြည့်တိုက်နဲ့ ဓာတ်ပုံများ ရှိပါတယ်။ အဲဒီစာကြည့်တိုက်များထဲမှာတော့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အောက်မှာ ရှိတဲ့ စာကြည့်တိုက်ပုံ တစ်ပုံတော့ တွေ့ပါတယ်။ ကျန်တာတွေကတော့ အဲဒီတစ်ချိန် ယခင်ခေတ်များ ကာလများက တည်ဆောက်ခဲ့တဲ့ စာကြည့်တိုက်ဝါသနာပါသူများ၊ ယခင်အစိုးရလက်ထက်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နဲ့အတူ တွဲဖက်ပြီး ဆောင်ရွက်ခဲ့တဲ့ စာကြည့်တိုက်များထဲက တချို့လို့ မြင်ပါတယ်။

ယခင် တာဝန်ရှိတဲ့ပုဂ္ဂိုလ်များလက်ထက်က နိုင်ငံမှာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုပြီးတော့ ဆောင်ရွက်ခဲ့တာ ကျွန်တော်တို့ အားလုံး သိကြပါတယ်။ စာကြည့်တိုက်ပေါင်း မြောက်မြားစွာ သောင်းနဲ့ချီပြီး နိုင်ငံအနှံ့အပြားမှာ ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ခဲ့တာကို ကျွန်တော်တို့ တွေ့ပါတယ်။ ဒါသည် အင်မတန်မှ ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့လုပ်ခဲ့တာလို့ ကျွန်တော် မြင်ပါတယ်။ သို့သော် စာကြည့်တိုက်တစ်ခု ရေရှည်တည်တံ့ခြင်း၊ မတည်တံ့ခြင်းသည် သက်ဆိုင်ရာ နေရာအသီးသီးမှာရှိတဲ့ စာကြည့်တိုက် သုံးစွဲသောသူများနဲ့ အဲဒီပတ်ဝန်းကျင်မှာရှိတဲ့ မိဘပြည်သူများ၊ ရပ်မိရပ်ဖများ စသည်ဖြင့် ရပ်ရွာကို ဦးဆောင်တဲ့ပုဂ္ဂိုလ်များက စာကြည့်တိုက်များအပေါ်မှာ ဘယ်လောက်စိတ်ဝင်စားမှု၊ အားပေးကူညီမှု၊ စောင့်ရှောက်မှုရှိသလဲ ဆိုတဲ့အပေါ်မှာလည်း အများကြီး မူတည်ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီအချိန်ကာလက ဖွင့်လှစ်ခဲ့တဲ့ စာကြည့်တိုက်ပေါင်း သောင်းချီရှိတဲ့၊ အရေအတွက်ရှိတဲ့ စာကြည့်တိုက်များထဲက အများအပြားဟာ ယခုအခါမှာတော့ စာကြည့်တိုက်အဖြစ်နဲ့ မတည်ရှိတော့ဘဲနဲ့ ယခုအခါမှာ စာရင်းဇယား ကောက်ယူကြည့်တဲ့အခါ ထောင်ဂဏန်းလောက်သာ ရှိတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ဒါက စောစောက ရှိခဲ့တဲ့အနေအထားကို ပြောခြင်းဖြစ်ပါတယ်။ စာကြည့်တိုက်များနဲ့ ပတ်သက်လို့ရှိရင် ဘယ်တိုင်းပြည်မှာဖြစ်ဖြစ် ကျွန်တော်တို့တိုင်းပြည်မှာလည်းပဲ ထိုနည်းလည်းကောင်းပဲ အတက်အကျတွေ ရှိပါတယ်။ စာကြည့်တိုက် တစ်ခုချင်းသည်လည်းပဲ အတက်အကျ ရှိပါတယ်။ စိတ်ပါဝင်စားတဲ့ပုဂ္ဂိုလ်များ ကမကထပြု ဆောင်ရွက်တဲ့ နှစ်ကာလများမှ အဲဒီစာကြည့်တိုက်တွေသည် စည်ကားပြီးတော့ ကျန်တဲ့အချိန်တွေမှာတော့ ဒီလိုပဲ မှေးမှိန်သွားတာတွေ ရှိပါတယ်။ အဲဒီအခါမျိုးမှာ အဲဒါအတွက်ကို စိတ်မကောင်းဖြစ်တဲ့သူများကနေ တစ်ဖန် ပြန်ပြီးတော့ ထူထောင်တဲ့အခါမှာ စာကြည့်တိုက်တွေသည် တစ်ဖန် ပြန်ပြီးတော့ ဒီလိုနိုးကြားပြီးတော့ ဖြစ်ပေါ်လာတာ၊ ပြန်လည် စည်ကားလာတာဟာ ဒါသဘာဝပဲ ဖြစ်ပါတယ်။

အဲဒီတော့ အခု စောစောကပြောခဲ့တဲ့ စာကြည့်တိုက်များသည်လည်းပဲ အခုအခါမှာ စာကြည့်တိုက်များရဲ့ ညှိုးငယ်နေတဲ့အနေအထားကို စိတ်မချမ်းသာတဲ့၊ မနေနိုင်တဲ့ ပုဂ္ဂိုလ်များက ထောက်ပြတဲ့အတွက်ကြောင့်မို့လို့ ဒါသည် ဒီ မကြာခင်ကာလမှာ ပြန်လည်ပြီးတော့ စည်ကားလန်းဆန်းလာလိမ့်မယ်လို့ ကျွန်တော်ကတော့ မြင်တဲ့အတွက်ကြောင့် ကြားဖြတ်အနေနဲ့ ပြောချင်ပါတယ်။

ကျွန်တော်တို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ ကွပ်ကဲမှုအောက်မှာ တိုက်ရိုက်ရှိတဲ့ စာကြည့်တိုက်များအကြောင်းကို ကျွန်တော် ဆက်လက်ပြီးတော့ အစီရင်ခံလိုပါတယ်။ ကျွန်တော်တို့ ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက်များကို ယခုအခါမှာ ပြည်သူများ အကျွမ်းတဝင် ဝင်/ထွက် သွားလာတဲ့ နေရာများ၊ ပြည်သူများ အသိပညာဗဟုသုတ ရှာမှီးရာနေရာများ ဖြစ်လာစေဖို့အတွက် ကျွန်တော်တို့ ကြိုးစားစီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ခရိုင်နှင့် မြို့နယ်ရုံးများကို ရပ်ရွာလူထု တွေ့ဆုံဆက်ဆံရာ လူမှုအခြေပြုဗဟိုဌာန Community Centre များအဖြစ်လည်းကောင်း၊ စာကြည့်တိုက်များကို သက်ဆိုင်ရာ ဒေသအသီးသီးမှာရှိတဲ့ ရပ်ရွာလူထုရဲ့ အသိပညာလိုအပ်ချက်နှင့် အညီ ဖြည့်ဆည်းဆောင်ရွက်ပေးမယ့် Community Library များအဖြစ်လည်းကောင်း ပြောင်းလဲ ဖော်ဆောင်နိုင်ဖို့ ရည်ရွယ်လုပ်ဆောင်လျက်ရှိပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဟာ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနဲ့ ပူးပေါင်းပြီး အင်းစိန်ခရိုင်ရုံး၊ မြောင်းမြခရိုင်ရုံး၊ နတ်မောက်မြို့နယ်ရုံး၊ ပျဉ်းမနား မြို့နယ်ရုံးများကို Community Centre များအဖြစ် တိုးမြှင့်နိုင်ဖို့အတွက် သင်တန်းများ၊ ဟောပြောပွဲများ၊ အစည်းအဝေးများ ကျင်းပနိုင်တဲ့ခန်းမများနဲ့ အဲဒါတွေအတွက် လိုအပ်တဲ့ပစ္စည်းကိရိယာ ထားရှိတဲ့အပြင် ရွေ့လျားစာကြည့်တိုက် (Mobile Library)ကိုပါ တွဲဖက် ထားရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ ယခင်က ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက်များကို လာရောက်ပြီး စာငှား၊ စာဖတ် မပြုနိုင်တဲ့ပြည်သူများကို Book mobile လို့ခေါ်တဲ့ စာအုပ်မော်တော်ယာဉ်များနဲ့ လှည့်လည်ငှားရမ်းခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အလားတူ Shanti Volunteer Association(SVA) ဆိုတဲ့အဖွဲ့နဲ့ပူးပေါင်းပြီး ပဲခူးတိုင်း ဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်နဲ့ သာယာဝတီခရိုင်များအတွင်းမှာ ရွေ့လျားစာကြည့်တိုက်အဖြစ် သုံးဘီးဆိုင်ကယ်များနဲ့ စာအုပ်၊ စာစောင်များကို လှည့်လည်ငှားရမ်း ဆောင်ရွက်ပေးခြင်းကိုလည်း လုပ်ဆောင်နေပါတယ်။ ဒီ့အပြင် အချို့မြို့နယ်များမှာ စာအုပ်များကို ဆိုင်ကယ်နဲ့တင်ပြီး ကျေးရွာ များအရောက် လိုက်လံပို့ဆောင် ငှားရမ်းပေးနေတာလည်းရှိပါတယ်။

အထက်ကပြောခဲ့တဲ့ Community Centre များနဲ့ ပတ်သက်လို့ မကြာခင်က ထပ်မံ ဆောင်ရွက်နိုင်ခဲ့တာတစ်ခုလည်း ရှိပါတယ်။ အဲဒါကတော့ ၁၆-၇-၂၀၁၇ ရက်နေ့မှာ မြစ်ကြီးနားခရိုင် ရုံးကို အဆောက်အဦအရရော၊ လုပ်ငန်းအစီအစဉ်များအရပါ ပိုပြီးခေတ်မီတဲ့ Community Centre တစ်ခုအဖြစ် တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး မန္တလေးခရိုင်ရုံးနှင့် ဘားအံခရိုင်ရုံးများကို အလားတူ ပီပြင်တဲ့ Community Centre များဖြစ်အောင် ဆောင်ရွက်နိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။ ဒီနေရာမှာ Community Centre လို့ခေါ်တဲ့၊ ကျွန်တော်တို့ လူမှုအခြေပြုဗဟိုဌာနလို့ သုံးထားတဲ့ လူထုရိပ်သာများနဲ့ ပတ်သက်လို့ အနည်းငယ် ရှင်းပြလိုပါတယ်။ Community Centre ဆိုတာသည် အများပြည်သူတို့ ဆုံတွေ့ပြီး သတင်းအချက်အလက် ဖလှယ်တဲ့နေရာ၊ ရပ်ရွာလူမှုရေးလုပ်ငန်းတွေ၊ ကျန်းမာရေးလုပ်ငန်း၊ အသိ ပညာပေးလုပ်ငန်းတွေကို စုပေါင်းဆွေးနွေး ဆောင်ရွက်တဲ့နေရာ၊ လူငယ်အသင်းအဖွဲ့တွေ၊ အမျိုး သမီးအသင်းအဖွဲ့တွေ စတဲ့ ရပ်ရွာအသင်းအဖွဲ့အမျိုးမျိုး ဆုံစည်းရာနေရာ၊ ဆွေးနွေးတိုင်ပင်ရာနေရာ၊ အစည်းအဝေးကျင်းပနိုင်ရာနေရာ ဖြစ်ပါတယ်။

ဒီ့အပြင် လူငယ်များအတွက် အသိပညာဆိုင်ရာနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းတွေ ပို့ချပေးတဲ့နေရာ ဖြစ်သလို လူကြီး၊ လူလတ်၊ လူငယ်နဲ့ ကလေးများအတွက် စာကြည့်တိုက်၊ (IT) ခန်း၊ အားကစားခန်း၊ အစည်းအဝေးခန်း စသည်ဖြင့် ဘက်စုံကိစ္စရပ်များအတွက် နေရာထိုင်ခင်းနဲ့ ပစ္စည်းကိရိယာများ စီစဉ်ခင်းကျင်းပေးထားရာနေရာလည်း ဖြစ်ပါတယ်။ ယခု ဖွင့်လှစ်ပြီးဖြစ်တဲ့ Community Centre များမှာ အထက်ကအစီအစဉ်တွေကို တစ်နေ့တခြား တိုးချဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ အစီအစဉ်များကို ပီပီသသ ဆောင်ရွက်လာနိုင်တာနဲ့အမျှ ဒီ Centre များသည် ပြည်သူလူထု အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ မိမိရပ်ရွာဒေသနဲ့ မိမိနိုင်ငံရဲ့ အရေးကိစ္စများမှာ ပြည်သူတို့စိတ်ပါဝင်စားမှု တိုးတက်ရေးနဲ့ ဒီမိုကရေစီ နိုင်ငံရေးဖြစ်စဉ်မှာ လူထုပါဝင်မှု တိုးတက်ရေးအတွက် အထောက်အကူ ပြုသွားနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဆက်လက်ပြီးလည်း နိုင်ငံတော်က ဘဏ္ဍာငွေရရှိမှုနဲ့ အခြားပုဂ္ဂိုလ် အဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်ပြီး လူမှုအခြေပြုဗဟိုဌာန (Community Centre) များကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ဖို့ ရည်ရွယ်ထားပါတယ်။ ဒါကြောင့်မို့ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို ပြန်ချုပ်ပြီးဖြေရရင် ယခုအခါမှာ ပြန်ကြားရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာရှိတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာ မြန်မာတစ်နိုင်ငံလုံးအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များ၊ မြို့များမှာ ရုံးပေါင်း(၄၃၄)ရုံး ဖွင့်လှစ်ပြီး အထက်မှာ ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်း ဒီရုံးများနဲ့ စာကြည့်တိုက်များမှာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အစဉ်အလာ တာဝန်များဖြစ်တဲ့ ပြန်ကြားပေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကို စနစ်တကျ စီစဉ် ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးရုံးများကို Community Centre၊ Community Library များအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ဖို့ပါ လုပ်ဆောင်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာအုပ်စုရှိ မကျီးကွင်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင် က ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာအုပ်စုရှိ မကျီးကွင်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၁၀)က လက်ပံတန်းမြို့နယ်နဲ့ သာယာဝတီမြို့နယ်များကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာအုပ်စု အထက်တန်းကျောင်း(ခွဲ)အား စည်းကမ်းချက်တချို့ကို ဖြေလျှော့၍ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုပါရန်ကိစ္စအတွက် အောက်ပါ အကြောင်းပြချက်များနဲ့အတူ တင်ပြအပ်ပါတယ်။

မကျီးကွင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စု (၆)အုပ်စုက မှီခိုအားထားနေရပြီးတော့ လက်ပံတန်းမြို့ရဲ့ မြို့နယ်ရဲ့မြောက်ဘက် နယ်စပ်မှာတည်ရှိပြီး တော့ မြို့ပေါ်မှာရှိတဲ့ အ.ထ.က(၁)၊ အ.ထ.က(၃)နဲ့ (၇)မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ လက်ပံတန်း မြို့ပေါ်မှာရှိတဲ့ အ.ထ.က(၂)နဲ့ (၈)မိုင်ခန့်အကွာမှာ တည်ရှိပြီးတော့ ရန်ကုန်-ပြည်ကားလမ်းမကြီးရဲ့ နံဘေးမှာ တည်ရှိပါတယ်။ မကျီးကွင်း အ.ထ.က(ခွဲ) အခြေခံပညာအထက်တန်းကျောင်း ဖွဲ့စည်းပုံ မပြည့်မီတဲ့အတွက် အချို့ကျောင်းသူ၊ ကျောင်းသားများဟာ လက်ပံတန်းမြို့ပေါ်မှာရှိတဲ့ အ.ထ.က(၁)၊ အ.ထ.က(၂)၊ အ.ထ.က(၃)တို့ကို စက်ဘီးနဲ့သွားရောက် ပညာသင်ယူကြရတာဆိုရင် ရန်ကုန်-ပြည် ကား လမ်းမကြီးကို နေ့စဉ် အသုံးပြုပြီး သွား၊ ပြန် နေကြရတဲ့အတွက် အသက်အန္တရာယ် လွန်စွာ စိုးရိမ် ရပါတယ်။

မကျီးကွင်းအထက်တန်းကျောင်း(ခွဲ)ကို အားကိုးအားထားပြုနေရတဲ့ ပဲခူးရိုးမတောင်ပေါ်ရွာ တွေဖြစ်တဲ့ အိုးဖိုစုရွာ၊ ရေငံရွာ၊ တောင်ပေါ်စုရွာ၊ ဆီတုံးရွာတို့ဆိုရင် မကျီးကွင်းအထက်တန်းကျောင်း (ခွဲ)နဲ့ (၃)မိုင်ခန့် ကွာဝေးပါတယ်။ ပဲခူးရိုးမတောင်ပေါ် ကညင်ပင်စမ်းရွာနဲ့ ငှက်ပျောတုံးရွာ တွေဆိုရင် မကျီးကွင်း အ.ထ.က(ခွဲ)နဲ့ (၁၀)မိုင်လောက် ကွာဝေးပါတယ်။ အဲဒီတောင်ပေါ်က ကျောင်းသူ၊ ကျောင်းသားလေးတွေဆိုရင် မြို့မှာ ပညာသွားသင်ဖို့ လမ်းပန်းဆက်သွယ်ရေးအရ လုံးဝမဖြစ်နိုင်တဲ့ အတွက် မကျီးကွင်း အ.ထ.က(ခွဲ)ကို လုံးဝ မှီခိုအားထားနေရပါတယ်။

ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ မကျီးကွင်း အ.ထ.က(ခွဲ)မှာ ပညာသင်ယူမယ့် နဝမတန်းနဲ့ ဒသမတန်းကျောင်းသား၊ ကျောင်းသူဦးရေဟာ (၂၁၃)ဦးရှိပါတယ်။ ကျောင်းအဆောက်အဦနဲ့ ပရိဘောဂ၊ ကျောင်းအားကစားကွင်း ပြည့်စုံပြီးလုံလောက်တဲ့ ကျောင်းမြေနေရာအကျယ်အဝန်းလည်း ရှိပါတယ်။ ခွင့်မပြုနိုင်တဲ့ စည်းကမ်းချက်အချို့ရှိမယ်ဆိုရင်လည်း ကျောင်းရဲ့အနီးပတ်ဝန်းကျင်မှာရှိတဲ့တောင်ပေါ်ရွာများက ပညာသင်ယူလိုတဲ့ကလေးများကို စာနာထောက်ထားလို့ စည်းကမ်းချက်တချို့ကို ဖြေလျှော့ပေးပြီး လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာ အထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဖြစ် တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ မူလတန်းကျောင်းများနှင့် မူလတန်းကျောင်း(ခွဲ)များတွင် လစ်လပ်နေသော အထွေထွေဝန်ထမ်းနေရာတွင် ဒေသခံများကို ဦးစားပေး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ မူလတန်းကျောင်းများနှင့် မူလတန်းကျောင်း(ခွဲ)များတွင် လစ်လပ်နေသော အထွေထွေဝန်ထမ်းနေရာတွင် ဒေသခံများကို ဦးစားပေး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ မူလတန်းကျောင်းများနှင့် မူလတန်းကျောင်း(ခွဲ)များတွင် လစ်လပ်နေသော အထွေထွေဝန်ထမ်းနေရာတွင် ဒေသခံများကို ဦးစားပေး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့် မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ မြို့နယ်ပညာရေးမှူးရုံး စာရင်းအရ လက်ရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အထွေထွေဝန်ထမ်းအပါအဝင် လစ်လပ်ပညာရေးဝန်ထမ်းပေါင်း(၄၆၄)ယောက်ရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။ အထွေထွေဝန်ထမ်းအပါအဝင် လစ်လပ်ဝန်ထမ်းများကိုလည်း ခန့်ထားပေးမည်လို့ ယုံကြည်မျှော်လင့်ပါတယ်။ အထူးသဖြင့် အထွေထွေဝန်ထမ်းသည်လည်း အရေးကြီးသည့်အတွက် လစ်လပ်နေသည့် မူလတန်းကျောင်းများတွင် ဒေသခံများကို ဦးစားပေးပြီး ခန့်ထားပေးပါရန် တင်ပြတောင်းဆိုရခြင်း ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ မူလတန်းကျောင်း(ခွဲ)များတွင် အထွေထွေဝန်ထမ်း ခန့်ထားခြင်းမရှိဘဲ ဆရာ၊

ဆရာမများ(၂)ယောက်သာ သင်ကြားသည့်အတွက် သင်ကြားမှု၌ အားနည်းနေကြောင်း တွေ့ရှိရပါတယ်။ သတ်မှတ်မှုများကို ဖြေလျှော့ပြီး အထွေထွေဝန်ထမ်းများကို ခန့်ထားပေးပါက သင်ကြားမှုအတွက်လည်း များစွာ အကျိုးရှိမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နွေရာသီကျောင်းပိတ်ရက်များတွင် တချို့သော ဆရာ၊ ဆရာမ ပညာရေးဝန်ထမ်းများဟာ မိမိဇာတိမြေသို့ ပြန်သွားသော်လည်း ဒေသခံအား အထွေထွေဝန်ထမ်းအဖြစ်ခန့်ထားပေးမည်ဆိုပါက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျောင်းရဲ့ လိုအပ်တဲ့အရာများလည်း ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။ ထို့ကြောင့် ပလက်ဝမြို့နယ်အတွင်း လိုအပ်လျက်ရှိနေသည့် လစ်လပ်အထွေထွေဝန်ထမ်းများအား ဒေသခံများကို ဦးစားပေး ခန့်ထားပေးပါရန် ပြည်သူများကိုယ်စား တင်ပြတောင်းဆိုရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ပလက်ဝမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများနှင့် မူလတန်းကျောင်း(ခွဲ)များအတွင်း လစ်လပ်နေသော အထွေထွေဝန်ထမ်းများကို ဒေသခံပြည်သူများအား ဦးစားပေးခန့်ထားပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို (၂၀၁၇-၂၀၁၈) ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာစစ်ဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်က ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို(၂၀၁၇-၂၀၁၈) ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာစစ်ဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် မိုးညို၊ မင်းလှ၊ အုတ်ဖို (၃)မြို့နယ် ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပတ္တော်တိုက်နယ်၊ ပတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲ စာစစ်ဌာန ဖွင့်လှစ်ပေးဖို့အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပတ္တော်တိုက်နယ်၊ ပတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းက တက္ကသိုလ်ဝင်တန်း ဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူများဟာ ပတ္တော်ကျေးရွာကနေ (၇)မိုင်ခန့် ဝေးကွာတဲ့ ရေကင်းတိုက်နယ်၊

ရေကင်းကျေးရွာ အထက်တန်းကျောင်းကို သွားရောက်ပြီး ဖြေဆိုတဲ့အခါမှာ သွားလာရေး ခက်ခဲတဲ့အတွက်ကြောင့် ကျွန်တော်တို့ နေ့စဉ် အသွား၊ အပြန်လုပ်ပြီး ဖြေဆိုနိုင်ခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ စာမေးပွဲဖြေဆိုဖို့ (၂)ရက်ခန့် ကြိုတင်ပြီးတော့ စာမေးပွဲ ပြီးဆုံးတဲ့အထိ ရေကင်းမြို့မှာ ရေကင်းကျေးရွာမှာ သွားရောက်ပြီး နေရပါတယ်။ အဲဒီလိုနေတဲ့အတွက်ကြောင့် မိမိအိမ်မှာလည်း မဟုတ်တာရယ်၊ မိမိကျေးရွာမှာ မဟုတ်တဲ့အတွက်ကြောင့် ကျောင်းသားတွေရဲ့ စားဝတ်နေရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေး အခက်အခဲတွေ ရှိလာပါတယ်။ အဲဒီလို သွားရောက်ဖြေဆိုတဲ့ ကျောင်းသား၊ ကျောင်းသူမိဘများရဲ့ (၅၀)ရာခိုင်နှုန်းကျော်ကလည်း လက်လုပ်လက်စားတွေ ဖြစ်တဲ့အတွက်ကြောင့် စီးပွားရေးအခက်အခဲများနဲ့ ရင်ဆိုင်ရပါတယ်။

ဒါ့အပြင် အဲဒီ ရေကင်းကျေးရွာမှာ ကျွန်တော်တို့ အဆောင်ငှားရမ်းပြီးနေရတဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့ အခက်အခဲများနှင့် ရင်ဆိုင်ရပါတယ်။ နောက်တစ်ခုက အရေးကြီးတာက အဲဒီစာမေးပွဲဖြေချိန်မှာ ဒေသခံတောင်သူလယ်သမားတွေဟာ ရာသီသီးနှံတွေ ရိတ်သိမ်းနေရတဲ့အတွက်ကြောင့် မိမိတို့ရဲ့ သားသမီးတွေကို မိဘအုပ်ထိန်းသူတွေက သွားရောက်လိုက်လံပြီးတော့ ကြည့်ရှုစောင့်ကြပ်ဖို့ အခက်အခဲတွေလည်း ရှိပါတယ်။

ဒါပေမဲ့ ဒီကျေးရွာမှာ ကျွန်တော်တို့ ပတ္တော်ကျေးရွာမှာဆိုလို့ရှိရင် အခြေခံပညာအထက်တန်းကျောင်းမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုတဲ့ ကျောင်းသား၊ ကျောင်းသူပေါင်းဟာ ကျွန်တော်တို့ ၂၀၁၆ ခုနှစ် စာရင်းအရဆိုလို့ရှိရင် (၁၀၇)ယောက်ရှိပြီးတော့ အနီးမှာရှိတဲ့ ညောင်လေးပင် အ.ထ.က(ခွဲ)က (၇၂)ယောက်ရှိပါတယ်။ နောက်တစ်ခါ မြောက်လုပ်ကုန်း အ.ထ.က(ခွဲ)က (၈)ယောက်ဆိုတော့ စုစုပေါင်း (၁၈၇)ယောက် ရှိပါတယ်။ ပြင်ပမှ ဖြေဆိုတဲ့ သူပေါင်းက (၄၄)ယောက် ရှိပါတယ်။ အခုအခါမှာ ဒီထက်ပိုပြီးတော့ စာရင်းတွေများနေပါပြီ။ တစ်ခါ ပတ္တော်ကျေးရွာ အထက်တန်းကျောင်းကြီးကို ကျွန်တော်တို့ စာစစ်ဌာနကြီး ပေးမယ်ဆိုလို့ရှိရင် အဲဒီမှာ ဖြေဖို့ ကျွန်တော်တို့ စာဖြေခန်းတွေ အလုံအလောက်ရှိတဲ့အပြင် ပရိဘောဂများလည်း လုံလောက်စွာ ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်ဖို့အတွက် တိုက်နယ်ဆေးရုံရှိသလို ပြီးခဲ့တဲ့ မေလက အသစ်ဆောက်လုပ်လိုက်တဲ့ ကျေးလက်ဆေးပေးခန်းလည်း ရှိပါတယ်။ နယ်မြေလုံခြုံရေးအတွက်လည်း နယ်မြေရဲကင်းစခန်းရှိတာလည်း (၁၅)နှစ်ခန့်ရှိပါပြီ။ ဒါ့အပြင် ကျွန်တော်တို့ အဖြေလွှာတွေ သယ်ယူပို့ဆောင်ရန်အတွက်လည်းပဲ အစီအစဉ်တွေလုပ်ဆောင်ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ပတ္တော်ကျေးရွာမှာရှိတဲ့ တတ်နိုင်တဲ့၊ ပံ့ပိုးနိုင်တဲ့ကျောင်းသားမိဘတွေနဲ့ ကျွန်တော်တို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေက ပူးပေါင်းပြီးတော့ ပတ္တော်ကျေးရွာ အထက်တန်းကျောင်းကို စာစစ်ဌာန ဖြစ်မြောက်အောင် လိုအပ်တဲ့အင်္ဂါတွေနဲ့ ပြည့်စုံအောင်လည်း စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပတ္တော်တိုက်နယ်၊ ပတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ တက္ကသိုလ်ဝင်တန်း စာစစ်ဌာနတစ်ခု ပြုလုပ်ပေးဖို့ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**တက္ကသိုလ်ဝင်တန်း စာစစ်ဌာနအသစ် ချထားပေးရန်အတွက် မည်သည့် အချက်အလက်များ ပြည့်စုံရန် လိုအပ်သည်ကို သိရှိလိုခြင်းနှင့် ၂၀၁၇ -၂၀၁၈ ပညာသင်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျိုးနီစုကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းအတွက် တက္ကသိုလ်ဝင်တန်း စာစစ်ဌာန ချထား ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဒေါက်တာပြည့်ဖြိုး က တက္ကသိုလ်ဝင်တန်း စာစစ်ဌာနအသစ် ချထားပေးရန်အတွက် မည်သည့် အချက်အလက်များ ပြည့်စုံရန် လိုအပ်သည်ကို သိရှိလိုခြင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျိုးနီစုကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းအတွက် တက္ကသိုလ်ဝင်တန်း စာစစ်ဌာန ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဒုတိယ ဝန်ကြီး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းမေးရတဲ့ အကြောင်းနဲ့ စပ်လျဉ်းပြီးတော့ အနည်းငယ် တင်ပြခွင့်ပြုပါခင်ဗျား။

ဝါးခယ်မမြို့နယ်ဟာ ကျွန်တော့်မဲဆန္ဒနယ်မြေတစ်ခု ဖြစ်ပါတယ်။ ဒီ ဝါးခယ်မမြို့နယ်ထဲက အထက်တန်းကျောင်းတွေရှိတဲ့ ကျုံတိုင်း၊ ဆူးတွင်း၊ စံအိပ်၊ ကျိုးနီစုကျေးရွာတွေကနေပြီးတော့ တက္ကသိုလ်ဝင်တန်း စာစစ်ဌာနအသစ် ချထားပေးဖို့ ဒေသခံတွေက ကျွန်တော့်ကို တင်ပြတောင်းဆို ကြတာရှိပါတယ်။ အဲဒီတော့ ကျွန်တော့်မဲဆန္ဒနယ်လိုပဲ တခြားပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာ ကျွန်တော်တို့ တက္ကသိုလ်ဝင်တန်းစာစစ်ဌာန လိုအပ်ချက်တွေရှိနေတာ ကျွန်တော့်အနေနဲ့ ပထမ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီလို စာမေးပွဲဖြေဆိုတဲ့ ကျောင်းသားတွေအရေအတွက်၊ နောက်တစ်ခုက လမ်းပန်းဆက်သွယ်ရေးအနေအထား ပြီးခဲ့တဲ့နှစ်တွေမှာ ဖြေဆိုခဲ့ရတဲ့ ကျောင်းသား တွေရဲ့ အခက်အခဲပေါ်မူတည်ပြီးတော့ ဦးစားပေးသင့်တဲ့အနေနဲ့၊ ကျွန်တော့်အနေနဲ့ ကျိုးနီစုကျေးရွာ စာစစ်ဌာနအတွက်သာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ စာစစ်ဌာနအတွက် မြို့နယ်၊ တိုင်း ပညာရေးဌာနက ထောက်ခံချက်ပေးထားတဲ့အပြင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကပါ ထောက်ခံချက်ပေးထားပါတယ်။ ဒီလို ထောက်ခံတဲ့အခြေအနေအရရော၊ မြေပြင်အခြေအနေတွေ အရပါ ဒီစာသင်နှစ်အတွက် စာစစ်ဌာနရမယ်လို့ မျှော်လင့်ခဲ့ကြပေမယ့် ပြီးခဲ့တဲ့နှစ်မှာ ကျွန်တော်တို့ ဒါ မရရှိခဲ့ကြပါဘူး။ ဒါ့အပြင် ဒီကျောင်းသားတွကလည်း ဝါးခယ်မမြို့နယ်မှာရှိတဲ့ အ.ထ.က ကျောင်း မှာ သွားရောက်ဖြေဆိုရပါတယ်။ ဒီ တည်းခိုစရိတ်တွေ၊ နောက်တစ်ခုက ကျွန်တော်တို့ ကျန်းမာရေး၊ အစားအသောက်စရိတ်ကအစ စရိတ်စကတွေကလည်း အင်မတန်မှများပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကျိုးနီစု၊ ဝါးခယ်မမြို့နယ်က အခြေခံပညာ အထက်တန်းကျောင်းပါ။ ဒါကတော့ အပေါ်ကကျောင်းဝင်းထဲမှာ ဆောက်ထားတဲ့ ဒါ မေးခွန်းတိုက် ဖြစ်ပါတယ်။ အောက်ကတော့ ကျွန်တော်တို့ ယာယီရဲကင်းအတွက် သတ်မှတ်ထားတာ ဖြစ်ပါတယ်။ နောက်တစ်ပုံပြပေးပါ။ ဒါကတော့ ဒီအခြေစိုက်ရဲစခန်းမရှိဘဲ ယာယီရဲစခန်းနဲ့ ဖွင့်လှစ်ထားတဲ့ စာစစ်ဌာနများပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေ သယ်ပို့တာကလည်း ရေကြောင်းကိုပဲ အဓိကထားပြီး အားထားနေရတာ ဖြစ်ပါတယ်။ နောက်တစ်ခုပြပေးပါ။

ဒါကတော့ ဒီလာမယ့်နှစ်မှာ ကျွန်တော်တို့ ခုနပြောတဲ့ စာသင်ကျောင်းကနေ ဖြေဆိုမယ့် ကျောင်းသားအရေအတွက် ဖြစ်ပါတယ်။ စုစုပေါင်း(၂၇၀) ဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၄-၂၀၁၅ မှာဆိုရင် ကျွန်တော်တို့ ဖြေဆိုသူပေါင်း(၁၅၄)ယောက်၊ ၂၀၁၅-၂၀၁၆ မှာဆိုရင် (၂၀၄)ယောက်နဲ့ ၂၀၁၆-၂၀၁၇ မှာ ဖြေဆိုသူပေါင်း (၂၉၈)ယောက်ရှိခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခုသွားပေးပါ။ ဒါကတော့ ကျွန်တော် အကွာအဝေးပြတဲ့မြေပုံပါ။ ဒီအပြာရောင်ကတော့ ကျွန်တော်တို့ ရေလမ်းဖြစ်ပြီးတော့ အစိမ်းရောင်ကတော့ ဒါ ကုန်းလမ်းဖြစ်ပါတယ်။ ဒီအစိမ်းရောင်ကုန်းလမ်းဟာ ဝါးခယ်မမြို့နယ်နဲ့ (၇)မိုင်ခန့် ဝေးပါတယ်။ နောက်တစ်ခု ပြပေးပါဦးခင်ဗျား။ ဒါ ဒီကုန်းလမ်းဆုံးတဲ့အခါမှာ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းကို ကျွန်တော်တို့ ကူးတို့လှေနဲ့ ကူးရတာပါ။ ဟိုဘက်ကမ်း ရောက်တဲ့အခါကြရင် ကျွန်တော်တို့ စာစစ်ဌာနကို တွေ့ရမှာဖြစ်ပါတယ်။

အဲဒီတော့ မူလကတည်းက ရဲတပ်ဖွဲ့အင်အား(၁+၅)နဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးကနေ ထောက်ခံချက် ပေးထားတာပါ။ အဲဒီတော့ စာစစ်ဌာနနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးကိုရော စာစစ်ဌာနမှာရှိတဲ့ ပုဂ္ဂိုလ်တွေရော ကျွန်တော် မေးမြန်းတဲ့အခါ ရဲတပ်ဖွဲ့က သယ်ပို့လုံခြုံရေးပေးမှုသာလျှင် ဒါ ဖွင့်လှစ်ပေးမယ်လို့ ကျွန်တော့်ကို ပြောကြားပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီဝါးခယ်မမြို့နယ်မှာရှိတဲ့ ရဲတပ်ဖွဲ့မှူးကိုသွားရောက်ပြီးတော့ ညှိနှိုင်းဆွေးနွေးခဲ့တာ ရှိပါတယ်။ အဲဒီတော့ ဒီအကွာအဝေးဟာ ကျွန်တော်တို့ (၇)မိုင်ပဲ ဝေးတယ်။ ကားနဲ့သွားရင် ကျွန်တော်တို့ မိနစ်(၃၀)ခန့်ပဲကြာမယ်။ နောက်တစ်ခုက ရာသီဥတုအခြေအနေအရလည်း စာမေးပွဲ ဖြေတဲ့အခါမှာ အန္တရာယ်ရှိတဲ့အနေအထား မရှိဘူး။ ဒါကြောင့် ကလေးတွေအတွက်လည်း ဒုက္ခတွေ အများကြီးခံမယ့်အစား ဒီမေးခွန်းအဖြေလွှာတွေကို အသယ်/အပို့လုပ်ဖို့ မြို့နယ်ရဲစခန်းမှာ မေးခွန်း Bank အနေနဲ့ထားပြီးတော့ ဒီစာသင်ကျောင်းမှာ စာစစ်ဌာနလုပ်ဖို့ ကျွန်တော့်အနေနဲ့ ညှိနှိုင်းခဲ့ပေမယ့် ဒါ အဆင်မပြေခဲ့ပါဘူး။ အဲဒီတော့ ဒီမြို့နယ်မှူးက ကျွန်တော့်ကို ဒီဟာသွားဖို့အတွက် ခုနပြောတဲ့၊ ကျွန်တော် တင်ပြခဲ့တဲ့ ဒီချောင်းကူးတို့ကို ဖြတ်ရတဲ့အခါမှာ လက်နက်တွေ ပြုတ်ကျမှာ စိုးလို့ဆိုပြီး အကြောင်းပြချက်ပေးပါတယ်။ အဲဒီတော့ ရဲတပ်ဖွဲ့အင်အားကို ကျွန်တော်တို့ (၁+၆)နဲ့သာ ထားတဲ့ အနေနဲ့ ထောက်ခံချက်ပေးပါတယ်။ ဒီထောက်ခံချက်နဲ့ ကျွန်တော့်အနေနဲ့ တင်ပြခဲ့ပေမယ့်လည်း၊ ထပ်မံတင်ပြခဲ့ပေမယ့်လည်း စာစစ်ဌာန ရရှိခဲ့ခြင်းမရှိပါဘူး။

ဒါကြောင့် ဒီ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အခြေခံပညာအထက်တန်းကျောင်း အတွက် တက္ကသိုလ်ဝင်တန်း စာစစ်ဌာန ချထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးထံမှ လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။


ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကြီးနီးစုကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း မေးခွန်းတိုက် နှင့် လုံခြုံရေးအဆောက်အအုံပြပုံ (၈၀)


မေးခွန်းတိုက် နှင့် လုံခြုံရေးအဆောက်အဦ (ရဲကင်း)

၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း ကြီးနီးစုရွာ တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားစာရင်း၏ ဇယားပုံ (၈၀-၁)

| စဉ် | ဘာသာတွဲ | ကျား | မ | ပေါင်း |
|---|---|---|---|---|
| ၁ | ဘာသာတွဲ (၇) | ၁၅ | ၂၀ | ၃၅ |
| ၂ | ဘာသာတွဲ (၁) | ၇၂ | ၉၃ | ၁၆၅ |
| | စုစုပေါင်း | ၈၇ | ၁၁၃ | ၂၀၀ |
| | | ပြင်ပဖြေ (ခန့်မှန်း) | | |
| ၁ | ဘာသာတွဲ (၁) | ၃၀ | ၄၀ | ၇၀ |

ဝါးခယ်မမြို့နယ်၊ ကြီးနီစုရွာ အခြေခံပညာ အထက်တန်းကျောင်းမြေပုံ (ခ-၂)




**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းကြိုင် ၏ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာအုပ်စုရှိ မကျီးကွင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ဦးစွာ တင်ပြလိုပါတယ်။

ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဒီသတ်မှတ်မှု အားဖြင့် ပြည့်စုံတဲ့ကျောင်း(၄၁၂)ကျောင်းရှိပေမယ့် အစစအရာရာဖြေလျှော့ပြီး နောက်ထပ်(၄၆၈၇)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၅၀၉၉)ကျောင်း၊ သက်ဆိုင်ရာ ကျောင်းအဆင့်အသီးသီးသို့ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ဒီလို အဆင့်တိုးမြှင့်မှုမှာ ကိုယ်စားလှယ်တော်ကြီး မဲဆန္ဒနယ်ဖြစ်သော လက်ပံတန်းမြို့နယ်မှ အခြေခံပညာမူလတန်းကျောင်း(၃)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းလွန်ကျောင်း(၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၆)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၁၃)ကျောင်း အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း တင်ပြ အပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏ တင်ပြပါကျောင်းသည် မနှစ်ကတော့ ဦးစားပေးအစီအစဉ်မှာ မပါရှိခဲ့ပါဘူး။ ဒီနှစ်အတွက်ကတော့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ စုစုပေါင်း အထက်ဆင့်သင်ကျောင်းသား(၂၃၇)ဦး၊ ပင်မကျောင်း နဲ့ ကုန်းလမ်းခရီး(၇)မိုင်ကွာဝေးတာ ဒါ စိစစ်သတ်မှတ်ပြီး ဖြစ်ပါတယ်။ ဒီကျောင်းကိုတော့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ရဲ့ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ မူလတန်းကျောင်းများနှင့် မူလတန်းကျောင်း(ခွဲ)များတွင် လစ်လပ်နေသော အထွေထွေဝန်ထမ်းများနေရာတွင် ဒေသခံများကို ဦးစားပေးခန့်ထားရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး မဲဆန္ဒနယ်ဖြစ်တဲ့ ပလက်ဝမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း(၂၃၇)ကျောင်းမှာ အထွေထွေလုပ်သား (၁၈၃)ဦး အထိ ဖြည့်ဆည်းခန့်ထားပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ပညာသင် နှစ်မှာ ချင်းပြည်နယ်အတွင်း အထွေထွေလုပ်သား(၄၅)နေရာ ရွေးချယ်ခန့်ထားရာမှာ ဒေသခံ(၃)ဦး လည်း ခန့်ထားပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ အထွေထွေလုပ်သား ခန့်ထားမှုမှာ မူအားဖြင့် (က) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရပါမယ်။ (ခ) အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်သူ ဖြစ်ရပါမယ်။ (ဂ) အသက်(၃၀)ထက်ကြီးသူ မဖြစ်စေရပါ။ (ဃ) ပြစ်မှုကင်းရှင်းသူ ဖြစ်ရမယ်လို့ သတ်မှတ်ထားတာတွေရှိပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ပလက်ဝမြို့တွင် လစ်လပ်လျက်ရှိသော အထွေထွေလုပ်သား ရာထူးနေရာများမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဒေသခံများနဲ့ လုံလောက်မှုမရှိခဲ့ဘူးဆိုရင် အနိမ့်ဆုံး အခြေခံပညာအဆင့် နဝမတန်းအောင်မြင်ခဲ့ပြီးသူ ဒေသခံများကို ရွေးချယ်ခန့်ထားနိုင်ရေး

အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်နှင့် ရယူပြီး စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာဦးဝင်းမြင့် ရဲ့ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပတ္တော်တိုက်နယ်၊ ပတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး တင်ပြပါမယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခဲ့ကြတဲ့ ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ပတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ (၁၀၇)ဦး၊ ညောင်လေးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ (၇၂)ဦး၊ မြောက်လုပ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ (၈)ဦး၊ စုစုပေါင်း (၁၈၇)ဦး ရှိပါတယ်။ ဒီကျောင်းသားတွေဟာ ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ၎င်းတို့နဲ့ (၇)မိုင်ခန့်ဝေးကွာတဲ့ ပင်မစာစစ်ဌာနဖြစ်သော ရေကင်း အခြေခံပညာအထက်တန်းကျောင်းသို့ တက္ကသိုလ်ဝင်တန်းစာမေးပွဲများ သွားရောက်ဖြေဆိုနေတဲ့ အခြေအနေ စိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့စိစစ်ချက်အရ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အထက်တန်းကျောင်းအပြင် စုစုပေါင်း အခြေခံပညာ (၁၃၆)ကျောင်းမှာ စာစစ်ဌာနအသစ်များ ဖွင့်လှစ်နိုင်ရန်အတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေနဲ့လည်း မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ မိုးညိုမြို့နယ်၊ ပတ္တော်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဟာ စာစစ်ဌာနအသစ်အဖြစ် ဖွင့်လှစ်ခွင့်ပြုနိုင်ရန် တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့၊ အခြေစိုက်ရဲစခန်း မရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ယာယီရဲကင်းဖြင့်သာ ဆောင်ရွက်နိုင်ကြောင်း မြေပြင်စစ်ဆေးချက်အရ တွေ့ရှိရပါတယ်။ ဒီစာစစ်ဌာနအသစ် ဖွင့်လှစ်ရာမှာ အဓိကအကျဆုံးဖြစ်တာကတော့ မေးခွန်းနဲ့ အဖြေလွှာများကို လုံခြုံစိတ်ချစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် အခြေကျတပ်ရင်း၊ တပ်ဖွဲ့၊ ရဲစခန်းနဲ့ အဓိကအရေးကြီးဆုံးကတော့ ငွေတိုက်အဆင့်ရှိ လုံခြုံမှုမီးခံတိုက် (Vault) မဖြစ်မနေ လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဟာ စာစစ်ဌာနအသစ်အဖြစ် ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များဖြစ်တဲ့ အခြေကျတပ်ရင်း၊ တပ်ဖွဲ့၊ ရဲစခန်း၊ နောက်တစ်ခါ ငွေတိုက်အဆင့် (Vault) မရှိသေးတဲ့အတွက် စာစစ်ဌာနအသစ်အဖြစ် ဖွင့်လှစ်နိုင်ခြင်းမရှိပါကြောင်းနဲ့ စာစစ်ဌာနအသစ် ဖွင့်လှစ်ရေးနဲ့ပက်သက်ပြီး အထက်ပါသတ်မှတ်ချက်များ ကိုက်ညီချိန်မှာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေနဲ့ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာပြည့်ဖြိုး ရဲ့ မေးခွန်းဖြစ်သော တက္ကသိုလ်ဝင်တန်း စာစစ်ဌာန အသစ် ချထားပေးရန် မည်သည့်အချက်အလက်များ ပြည့်စုံရန်လိုအပ်နေပါသနည်း သိရှိလိုခြင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျိုးနီစုကျေးရွာ၊ အခြေခံပညာ အထက်တန်း ကျောင်းအတွက် တက္ကသိုလ်ဝင်တန်း စာစစ်ဌာန ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော် တင်ပြပါမယ်။

ကျွန်တော့်မေးခွန်းက ပြီးခဲ့တဲ့ မေးခွန်းဖြေကြားချက်နဲ့ အလားသဏ္ဍာန် တူပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီလို ကျောင်းသူ ကျောင်းသားများ ပညာရည်အခွင့်အလမ်း ပိုလာစေဖို့၊ စာစစ်ဌာနမှာ သက်သောင့်သက်သာဖြေနိုင်စေဖို့၊ မိဘပြည်သူများ မိမိသားသမီးအတွက် ဒီစာဖြေရာမှာ တတ်အားသရွေ့ သက်သောင့်သက်တာ၊ ဝန်ထုပ်ဝန်ပိုး လျော့နည်းစေဖို့ ကျွန်တော်တို့မှာ ဆန္ဒအများကြီး ရှိပါတယ်။ ရှိတဲ့အတွက်လည်း ကျွန်တော်တင်ပြခဲ့သလို တစ်ပြည်လုံးစုစုပေါင်း စာစစ် ဌာနအသစ် (၁၃၆)ကျောင်း ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန အနေနဲ့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ဝါးခယ်မမြို့နယ်၊ ကျိုးနီစုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းကို ကွင်းဆင်းကြည့်ရှုရာမှာ ဒေသတပ်ရင်း၊ တပ်ဖွဲ့ အခြေစိုက်ရဲစခန်း မရှိဘဲ ယာယီရဲကင်းသာရှိကြောင်း တွေ့ရပါတယ်။ ဒီစာစစ်ဌာနအဖြစ် အရေးကြီးဆုံး လိုအပ်ချက်ကတော့ မေးခွန်းနဲ့ အဖြေလွှာများကို လုံခြုံစိတ်ချစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ရှိရန်အတွက် အလိုအပ်ဆုံး ဖြစ်ပါတယ်။

သို့ပါ၍ အခြေချတပ်ရင်း၊ တပ်ဖွဲ့ရဲစခန်းနှင့် မေးခွန်းနဲ့ အဖြေလွှာများ လုံခြုံစိတ်ချစွာ သိမ်းဆည်းနိုင်ရန်အတွက် ငွေတိုက်အဆင့် မီးခံတိုတ် (Vault) မရှိမဖြစ် လိုအပ်ပါကြောင်း တင်ပြအပ် ပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျိုးနီစုကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းတွင် ဒီစာစစ်ဌာန ဖွင့်လှစ်ခွင့်ရရှိရေးအတွက် အခြေကျတပ်ရင်း၊ တပ်ဖွဲ့၊ ရဲစခန်းနှင့် ငွေတိုက်အဆင့် လုံခြုံစွာ အဖြေလွှာနှင့် မေးခွန်းများ လုံခြုံစွာ ထိန်းသိမ်းနိုင်တဲ့ ငွေတိုက်အဆင့်(Vault) စတဲ့ သတ်မှတ်ချက်များ ပြည့်စုံလျှင် မြန်မာနိုင်ငံစာစစ် ဦးစီးဌာနအနေဖြင့် စာစစ်ဌာနရရှိရေး ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးပါ။

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ ဟုတ်ကဲ့။ ဖြေကြားသွားပေးတဲ့ ဒုတိယဝန်ကြီးအား အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ အဲဒီတော့ ကျွန်တော် ခုနက Power Point ထဲမှာလည်း ပါ ပါတယ်။ အခြေစိုက်ရဲစခန်း မရှိဘဲနဲ့ ဥပမာ ပိတ္တာလေးလို့ ကျွန်တော် တင်ပြသွားတဲ့ထဲမှာ ညောင်ငူတို့ ဒီစာစစ်ဌာနတွေဟာ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ယာယီရဲစခန်းနဲ့ပဲ ဖွင့်လှစ်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် နည်းနည်းပြောပြချင်တာကတော့ ကျောင်းသား တွေဟာ မြို့နယ်မှာ သွားဖြေရတာ ဒီ တည်းခို၊ စားသောက်ကုန်ကျစရိတ်က တစ်ဦးကို(၅၀၀၀၀)ခန့်

ရှိပါတယ်။ ဒါ့အပြင် ရွာတွေအသီးသီးကနေ ဖြေကြတဲ့အတွက် လက်ရှိ ဝါးခယ်မမြို့နယ်၊ အ.ထ.က ကျောင်းမှာ စာမေးပွဲ ဖြေဆိုတဲ့အခါမှာ တအားကို ကျပ်နေပါတယ်။ အဲဒီတော့ ဘယ်လိုကျပ်နေလဲဆိုရင် စတိုခန်းတွေကိုပါ သုံးစွဲပြီး ဖြေရတဲ့အတွက် အနေအထားပါ။ ဒါကြောင့် ဒီကျောင်းသားတွေ အဆင်ပြေအောင်လည်း ဝန်ကြီးအနေနဲ့ နည်းနည်းလေး ညှိနှိုင်းပြီး ဆောင်ရွက်ပေးရန် ရှိ/မရှိ ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။		။ ရမလား။ ဖြေနိုင်မလား။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။		။ ကျွန်တော်တို့ စောစောက တင်ပြသလိုပဲ။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသား၊ ကျောင်းသူများ ဒီပညာသင်ဖြေဆိုမှု ဒါ သက်သောင့်သက်သာရှိအောင်၊ မိဘပြည်သူများအတွက်လည်း သက်သောင့်သက်သာရှိအောင်၊ နောက် ဒီစာစစ်ဌာန သတ်မှတ်ချက်နဲ့ ပြည့်စုံအောင် ဒါ ဘက်ညီအောင် စဉ်းစားရပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ နယ်မြေကို ထပ်မံစိစစ်ပေးပြီး အဖြစ်နိုင်ဆုံးသာ စိစစ်ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြပါတယ်။

## အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။		။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာဝင်းမြင့်ချစ် (အဖွဲ့ဝင်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ)**။		။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်ချစ် ဖြစ်ပါတယ်။ ဒီနေ့ ကော်မတီရဲ့ တာဝန်ပေးချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

# ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

## နိဒါန်း

၁။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လူနေမှုဘဝမြှင့်တင်ရေးကဏ္ဍများ အဓိကဖြစ်ပါတယ်။ မြန်မာနိုင်ငံသန်းခေါင်စာရင်းတွင် လူဦးရေ အများဆုံးပါဝင်တဲ့ အမျိုးသမီးများနှင့် နိုင်ငံရဲ့အနာဂတ်ဖြစ်တဲ့ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာစောင့်ကြည့်၍ လိုအပ်သည် များကို ပံ့ပိုးကူညီပေးခြင်းနှင့် ထိန်းညှိပေးခြင်း ဆောင်ရွက်ရန် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီအား ဖွဲ့စည်းဆောင်ရွက်စေခဲ့ပါတယ်။

## ရည်ရွယ်ချက်

၂။ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ဆိုင်တဲ့ ရပိုင်ခွင့်၊ အခွင့်အရေးများ ပြည့်ဝစွာ ရရှိစေရန် လိုအပ်တဲ့ ဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များကို ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်း ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပါတယ်။

## ကော်မတီများပြန်လည်ဖွဲ့စည်းခြင်း

၃။ ကော်မတီကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၇) အရ အဖွဲ့ဝင်(၁၄)ဦးနဲ့ ပြန်လည်ပြင်ဆင် ဖွဲ့စည်းခဲ့ပါတယ်။

## ကော်မတီ၏ဆောင်ရွက်မှုများ

၅။ ကော်မတီ၏ဆောင်ရွက်မှုများအနေနဲ့ တင်ပြရရင် ၁၈-၅-၂၀၁၇ ရက်နေ့မှ ယနေ့အချိန်ထိ ကော်မတီရဲ့ဆောင်ရွက်မှုများဟာတော့ ကော်မတီညှိနှိုင်းအစည်းအဝေးများ (၇)ကြိမ် ဆောင်ရွက်ခဲ့ ပါတယ်။

## ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှုများ

၇။ ၁၉-၆-၂၀၁၇ ရက်နေ့မှာ အရှေ့တောင်အာရှ၊ အာဆီယံလူငယ်များကွန်ရက် အမျိုးသမီးများ စွမ်းအားမြှင့်တင်ရေး (တောင်ကြီး)၊ စုစုပေါင်းအဖွဲ့ဝင် (၄၀)ဦးပါဝင်တဲ့အဖွဲ့နဲ့ တွေ့ဆုံပြီးတော့ ကော်မတီရဲ့ လုပ်ငန်းများကို စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြပါတယ်။ ၂၈-၆-၂၀၁၇ ရက်နေ့မှာ နည်းပညာသုံး၍ လူငယ်များရဲ့ အသံနားထောင်ခြင်း၊ (U-Report)ဖြင့် အကြံဉာဏ်များ ပေးနိုင်ရေးအတွက် UNICEF Myanmar နဲ့ တွေ့ဆုံပြီးတော့ လုပ်ဆောင်ပုံအဆင့်ဆင့်ကို ဆွေးနွေးခဲ့ပါတယ်။

## ပြည်ပအဖွဲ့အစည်းများနဲ့တွေ့ဆုံမှုများ

၈။ ၂၀-၆-၂၀၁၇ ရက်နေ့မှာ APHR (ASEAN PARLIAMENTARIANS FOR HUMAN RIGHTS)အဖွဲ့နဲ့ တွေ့ဆုံပြီးတော့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံ

ဆွေးနွေးခဲ့ပါတယ်။ ၇-၇-၂၀၁၇ ရက်နေ့မှာ အမေရိကန်သံအမတ်ကြီးနဲ့ တွေ့ဆုံပြီးတော့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ လွှတ်တော်၏အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါတယ်။

## ကြားနာခြင်း (Hearing)

၉။ ကြားနာခြင်း (Hearing)အနေနဲ့ ၂၁-၆-၂၀၁၇ ရက်နေ့မှာ (ပြည်ကြီးခင်၊ တော်ဝင်ခရေ) စတဲ့ NGO အဖွဲ့များကနေပြီးတော့ ပြည့်တန်ဆာနှင့် ပတ်သက်၍ နိုင်ငံတကာ၌ ကျင့်သုံးနေသော ဥပဒေ နှိုင်းယှဉ်ချက်များ၊ တင်ပြဆွေးနွေးသည်များကို ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဝင် များနဲ့အတူ ကြားနာခဲ့ပါတယ်။

## အပြန်အလှန်ဆွေးနွေးခြင်း (Debate)

၁၀။ အပြန်အလှန်ဆွေးနွေးခြင်း (Debate) အနေအားဖြင့် ကော်မတီဟာ လွှတ်တော် ကိုယ်စားလှယ်များ ဗဟုသုတ ရရှိရန်၊ ဆွေးနွေးမှုအရည်အသွေး မြင့်မားလာစေရန်အတွက် ၁၄-၆-၂၀၁၇ ရက်နေ့မှာ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) ခေါင်းစဉ်ဖြင့် Unicef, Save the Children, NCRWG စတဲ့ အဖွဲ့များမှ တာဝန်ရှိသူများနဲ့ အပြန်အလှန်ဆွေးနွေးခြင်း (Debate)များ ပြုလုပ်ခဲ့ပါတယ်။

## အလုပ်ရုံဆွေးနွေးပွဲ (Workshop)

၁၁။ အလုပ်ရုံဆွေးနွေးပွဲ (Workshop) အနေဖြင့် ၅-၇-၂၀၁၇ ရက်နေ့မှာ ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့အတူ WFD လို့ခေါ်တဲ့ (WESTMINSTER FOUNDATION FOR DEMOCRACY)နဲ့ ဥပဒေပြုပြီးနောက်စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းများအား ထည့်သွင်းဆောင်ရွက်ရမည့်နည်းလမ်း (Post- Legislative Scrutiny- PLS) ထုတ်တဲ့နည်းကို စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါတယ်။

## စာတမ်းတိုများပြုစုခြင်း(Briefing Paper)

၁၂။ စာတမ်းတိုများပြုစုခြင်း (Briefing Paper) အနေဖြင့် ဗြိတိသျှ အောက်လွှတ်တော် နည်းပညာ အကူအညီနှင့် ကော်မတီဟာ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးခေါင်းစဉ်နဲ့ ၆-၆-၂၀၁၇ ရက်နေ့မှစ၍ စာတမ်းတို ပြုစုဆောင်ရွက်နေဆဲဖြစ်ပါတယ်။

## တိုင်ကြားစာ

၁၃။ ကော်မတီကို တိုင်ကြားစာပေါင်း အမှုတွဲပေါင်း(၁၅)ခု ရောက်ရှိလာပြီးတော့ (၁၀)ခုကတော့ ဆောင်ရွက်ပြီးစီးပြီးတော့ (၅)ခုက ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

## CEDAW အစီရင်ခံစာနှင့်ပတ်သက်၍ ကော်မတီ၏လုပ်ဆောင်ချက်

၂၁။ CEDAW အစီရင်ခံစာနဲ့ ပက်သက်ပြီးတော့ ကော်မတီရဲ့ ဆောင်ရွက်ချက်ကို တင်ပြရရင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှာ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံးချုပ်မှာ ပြုလုပ်ခဲ့တဲ့ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံရခြင်း ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်

CEDAW ကို မြန်မာနိုင်ငံမှ တင်သွင်းခဲ့တဲ့ အစီရင်ခံစာအား ကြားနာပြီးတော့ နောက်ဆုံးတွေ့ရှိ အကြံပြုချက် (Concluding Observation) (၅၆)ချက်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးပို့ထားမှု အပေါ် ၎င်းနဲ့ပက်သက်၍ NDI မှာ Women Organization Network (WON)၊ CEDAW Action Myanmar(CAM)နှင့် Women League of Burma(WLB) စတဲ့ အမျိုးသမီးဆိုင်ရာ အရပ်ဘက် အဖွဲ့အစည်းများနဲ့အတူ ရှေ့လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

## သက်ငယ်မုဒိမ်းကင်းစင်ရေးနှင့်ပတ်သက်၍ ကော်မတီ၏ လုပ်ဆောင်ချက်

၂၂။ သက်ငယ်မုဒိမ်းကင်းစင်ရေးနဲ့ ပက်သက်ပြီးတော့ ကော်မတီရဲ့ လုပ်ဆောင်ချက်ကို တင်ပြရရင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ဝေတဲ့ သက်ငယ်မုဒိမ်း ကင်းစင်ပပျောက်ရေး ပညာပေးလက်ကမ်းစာစောင် (၃၀၀၀၀၀)ခန့်အား လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့၏ မဲဆန္ဒနယ်မြေများမှာ ဖြန့်ဝေရန်အတွက် ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြို့နယ်အချို့တို့မှာ ရပ်ကွက်၊ ကျေးရွာများအထိ အခြေခံပညာကျောင်းများမှာ ပညာပေးဟောပြောပွဲ များကို သက်ဆိုင်ရာလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရှေ့နေများအသင်းတို့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

## ဥပဒေများသုံးသပ်လေ့လာမှု

၂၃။ ဥပဒေများလေ့လာသုံးသပ်မှုအနေနဲ့ ကော်မတီဟာ ကော်မတီနဲ့ သက်ဆိုင်တဲ့ (က) ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း၊ (ခ) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ် ရေးဥပဒေ၊ (ဂ) လူကုန်ကူးမှုတားဆီးရေးဥပဒေ၊ (ဃ) ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ စသည့်ဥပဒေများ အပေါ် လေ့လာသုံးသပ်ခဲ့ပါတယ်။

## ကော်မတီ၏ သုံးသပ်အကြံပြုချက်

၂၄။ ယခုအခါ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကို ပြန်လည်ပြင်ဆင် ရေးဆွဲရန် ဆောင်ရွက်နေခြင်း ဖြစ်သဖြင့် လွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ကော်မတီအနေနဲ့ ထပ်မံ လေ့လာစိစစ်မှုများ ပြုလုပ်သင့်ပါတယ်။

## ကော်မတီ၏ကလေးအခွင့်အရေး ဆိုင်ရာ သဘောတူ စာချုပ် (Convention on the Rights of the Child-CRC) ဆောင်ရွက်မှုများအပေါ် တွေ့ရှိချက်

၂၆။ မြန်မာနိုင်ငံအနေနဲ့ (Convention on the Rights of the Child-CRC) အစီရင်ခံစာကို ကမ္ဘာ့ကုလသမဂ္ဂမှာ ဩဂုတ်လ နောက်ဆုံးထား တင်သွင်းရမှာဖြစ်တဲ့အတွက်ကြောင့် ကော်မတီမှ မိမိ နိုင်ငံရှိကလေးသူငယ်များရဲ့ လူမှုရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနဲ့ ဆိုင်တဲ့ဥပဒေပြုမှုများမှာ မည်သို့ ဆောင်ရွက်ထားသည်ကို အစီရင်ခံစာမှာ တင်ပြသင့်ပါတယ်။ အစိုးရရဲ့ (Convention on the Rights of the Child-CRC)ကို အကောင်အထည်ဖော် ဆောင်ရွက်မှုများအား လေ့လာစောင့်ကြည့်

ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များမှ လွှတ်တော်တွင် တိုက်တွန်းနိုးဆော်ပေးနိုင်လျှင် ကလေးအခွင့်အရေးများ ပိုမိုပြည့်စုံလာနိုင်ပါတယ်လို့ အကြံပြုအပ်ပါတယ်။

**ကော်မတီ၏ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child-CRC) ဆောင်ရွက်မှုများအပေါ် သုံးသပ်ချက်**

၂၇။ ကလေးများရဲ့ အကျိုးစီးပွားကို စဉ်းစားပြီးတော့ တစ်နိုင်ငံလုံးအတွက် မူဝါဒ၊ ဥပဒေ၊ စီမံချက်များ နိုင်ငံအဆင့်ရေးဆွဲ အကောင်အထည်ဖော်နိုင်ရန် ဘတ်ဂျတ်ချပေးလျှင် အားလုံးကို လွှမ်းခြုံနိုင်မယ်လို့ သုံးသပ်မိပါတယ်။

**ကော်မတီ၏ ကျား/မ တန်းတူညီမျှမှုအပေါ် လေ့လာတွေ့ရှိချက်**

၂၈။ ကျား/မတန်းတူညီမျှမှုနှင့် ပတ်သက်၍ နိုင်ငံရေး၊ အုပ်ချုပ်ရေးကဏ္ဍများမှာ အမျိုးသမီးများ ယခုထက် ပိုမိုပါဝင်လာနိုင်ရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်အတွက် သုတေသနဆောင်ရွက်ရမှာဖြစ်ပြီး ပြည်သူများအတွင်း ပညာပေးခြင်းကိုဖြစ်စေ၊ ကော်မတီအနေနဲ့ ပံ့ပိုးကူညီလုပ်ဆောင်ရန် လိုအပ်ပါတယ်။ Gender Budgeting ကိုလည်း အထူးပြုလေ့လာခြင်းနှင့် နိုင်ငံတကာကျင့်ထုံးများကိုလည်း မိမိနိုင်ငံအနေအထားနှင့် လျော်ညီစွာ ပြန်လည်အသုံးချနိုင်အောင် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

**နိဂုံး**

၃၀။ နိဂုံးချုပ်အနေအားဖြင့် မြန်မာနိုင်ငံလူဦးရေရဲ့ (၅၁)ရာခိုင်နှုန်းဖြစ်သော အမျိုးသမီးများနှင့် တိုင်းပြည်၏ အနာဂတ်ဖြစ်တဲ့ ကလေးသူငယ်များရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံတော်ရဲ့ဦးစားပေးအစီအစဉ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီအနေနဲ့ နိုင်ငံတော်၏ ရည်မှန်းချက် ပြည့်မီရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနဲ့ပေါင်းစပ်ညှိနှိုင်းခြင်းများကို လွှတ်တော်ဆိုင်ရာဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနဲ့အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။

အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ

အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊

ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ ညနေ(၄)နာရီ (၁၆း၀၀)နာရီ နောက်ဆုံးထားပြီး အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၆)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၂။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ဒီနေ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်လို့ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် အပါအဝင် လွှတ်တော်ကိုယ်စားလှယ် အားလုံးဟာ လွှတ်တော်အစည်းအဝေးတွေ တက်ရခြင်း၊ ကျွန်တော်တို့ အလုပ်ရုံဆွေးနွေးပွဲများ၊ Debate ပွဲများနှင့် သင်တန်းအမျိုးမျိုးတက်ရခြင်း၊ လွှတ်တော်ပိတ်တဲ့အချိန်မှာ မိမိတို့ဒေသအသီးသီးသို့ ဒေသဖွံ့ဖြိုးရေးကိစ္စတွေနဲ့ မိမိတို့ သက်ဆိုင်ရာပါတီတာဝန်တွေလည်း ထမ်းဆောင်ရသလို ကျွန်တော်တို့ အသေးစားလွှတ်တော်လို့ခေါ်ရတဲ့ ကျွန်တော်တို့ လွှတ်တော်ရေးရာကော်မတီတွေကိုလည်းပဲ ဆောင်ရွက်ရပါတယ်။ အဲဒီအတွက် ဒီလိုများမြောင်တဲ့ကိစ္စရပ်တွေ ပြီးတော့ ဒီကော်မတီတွေရဲ့ အစီရင်ခံစာတွေကို တင်သွင်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကနေ တက်ကြွစွာ ဆွေးနွေးထားတာတွေကို တွေ့ရပါတယ်။ အဲဒီလို တင်ပြဆွေးနွေးပေမယ့်လည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ကော်မတီတွေအနေနဲ့ ကျွန်တော်တို့ မဆောင်ရွက်နိုင်တာ၊ မဆောင်ရွက်ရသေးတာပဲ ရှိပြီးတော့ ဆောင်ရွက်ဖို့ အစီအစဉ်တွေ ရှိတယ်ဆိုတာကို ကျွန်တော်က ယုံကြည်ပါတယ်။

အဲဒါကြောင့်မို့လို့ ဒီနေရာမှာလည်း ကျွန်တော်တို့အနေနဲ့ ဆွေးနွေးချင်တာကတော့ သယံဇာတလို့ ဆိုလိုက်တာနဲ့ ကျွန်တော်တို့တွေက ဘာကို လှမ်းမြင်လိုက်သလဲ ဆိုလို့ရှိရင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားနဲ့ တွင်းထွက်ပစ္စည်းတွေ၊ သဘာဝသတ္တုတွေကိုပဲ မြင်ကြပါတယ်။ တကယ်တမ်း သယံဇာတဆိုတာ မြေပေါ်မြေအောက်တင် မကပါဘူး။ ရေပေါ်ရေအောက်တွေပါ အားလုံး ပါဝင်ပါတယ်။ အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့ရဲ့ မြေအောက်မှာရှိတဲ့ သယံဇာတတွေ လူနည်းစုကနေ အကျိုးကိုပဲ သုံးစွဲသွားပြီးတော့ ကျွန်တော်တို့ တိုင်းပြည်နဲ့ ပြည်သူလူထုကတော့ သယံဇာတရဲ့ ကျိန်စာကိုပဲ ကျွန်တော်တို့ ရလဒ်အနေနဲ့ ရရှိလိုက်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ မီဒီယာတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အသီးသီးက ကြိမ်ဖန်များစွာ အခါအခွင့်သင့်သလို ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ မြေပေါ်သယံဇာတတွေအနေနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ သစ်တောတွေ ဧက ဟက်တာပေါင်း (၃၄)သန်းကျော်ရှိပြီးတော့ ကမ္ဘာပေါ်မှာ ဘရာဇီး၊ အင်ဒိုနီးရှားနဲ့ ပြီးလို့ရှိရင် မြန်မာနိုင်ငံဟာ တတိယမြောက် သယံဇာတ၊ သစ်တောဆုံးရှုံးမှု၊ ပြုန်းတီးမှုနိုင်ငံဖြစ်နေပါတယ်။ ဗီယက်နမ်နိုင်ငံကတော့ ကျွန်တော်တို့ သစ်တောပြုန်းတီးမှုမရှိတဲ့အပြင် ပိုမိုတိုးတက်လာတာကို သိရှိရပါတယ်။ အဲဒီတော့ သစ်တောနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြုန်းတီးသွားတော့၊ ရာသီဥတုတွေ ထိခိုက်ပြီးတော့ ရေကြီးရေလျှံမှုတွေ သားငှက်တိရစ္ဆာန်တို့ရဲ့ ဂေဟစနစ်တွေ ပြောင်းလဲသွားတာကိုလည်း အားလုံး ကျွန်တော်တို့ သိရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒီသစ်တောတွေ ပြန်လည်ထူထောင်ဖို့ဆိုပြီးတော့ သစ်တောဦးစီးဌာနကနေပြီးတော့ Community Forest ဆိုပြီးတော့ အစုအဝေးပိုင် သစ်တောလုပ်ငန်းတွေ ချပေးတာနဲ့ပတ်သက်ပြီး ကော်မတီအနေနဲ့ ဘယ်လောက်ထိရောက်မှု ရှိတယ်ဆိုတာကိုလည်းပဲ လေ့လာစူးစမ်းသင့်ပါတယ်လို့ ကျွန်တော် တင်ပြချင်ပါတယ်။

နောက်တစ်ခါ အင်္ဂလိပ်က ကျွန်တော်တို့ မြန်မာနိုင်ငံကို သိမ်းသွားတဲ့အထဲမှာ ကျွန်တော်တို့ အချက်တစ်ချက်ကတော့ သူတို့ရဲ့သင်္ဘောတွေ တည်ဆောက်ဖို့အတွက် ဝက်သစ်ချပင်တွေ ရှားပါးလာတာရယ်။ ဒီထက်ကောင်းတဲ့ ကျွန်တော်တို့ ပဲခူးရိုးမက ကျွန်းတောကြီးကို တွေ့ရှိသွားလို့ ဒါ သိမ်းပိုက်တဲ့အထဲမှာ ဒီ အကြောင်းအချက်တစ်ချက်လည်း ပါ ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကို

ပြန်လည်ပြီးတော့ လွှတ်လပ်ရေး ပေးခါနီးမှာ ပြောသွားတဲ့စကားလေးတစ်ခုကတော့ ကျွန်တော်တို့ သစ်တောပညာရှင် ဦးအုန်း ကနေတစ်ဆင့် ကြားသိလိုက်ရတာကတော့ ကျွန်တော်တို့ သစ်တောတွေကို၊ ကျွန်းတောတွေကို စိုက်ပျိုးပြုစု ထိန်းသိမ်းပြီးပြီ၊ မင်းတို့ ဆက်လက်ပြီးတော့ ထိန်းသိမ်းကြပါ ဆိုတဲ့ စကားလေးတစ်ခုကို ကျွန်တော်က အမှတ်ရနေပါတယ်။ အဲဒီတော့ ဒါတွေကိုလည်း ကျွန်တော်တို့ ထိန်းသိမ်းဖို့ လိုပါတယ်။

နောက်တစ်ခါ သဘာဝပတ်ဝန်းကျင်တွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်မှာ ဆိုလို့ရှိရင် လေထု၊ ရေထုနဲ့ မြေထုတို့ရှိပါတယ်။ အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့ လူအပါအဝင် သက်ရှိ တိရစ္ဆာန်တွေနဲ့ သက်မဲ့သစ်ပင်တွေဟာ မိမိတို့ ပတ်ဝန်းကျင်အပေါ် မူတည်ပြီးတော့ ရှင်သန်နေကြရပါတယ်။ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေမှု မရှိရင်၊ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေမှု မနေနိုင်လို့ရှိရင် ပတ်ဝန်းကျင်ကြီးကနေ ခွဲခွာသွားကြရမှာဖြစ်ပါတယ်။ ဥပမာ ဒိုင်နိုဆော ဆိုတဲ့ သတ္တဝါတွေဟာ ခုခေတ်မှာ မရှိကြတော့ပါဘူး။ အဲဒီတော့ လေထုအနေနဲ့ဆိုရင် မျက်စိနဲ့မြင်တဲ့ လေထုထဲမှာ ညစ်ညမ်းနေတာတွေ၊ အထူးသဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေ တရုတ်ပြည်မှာဆို စက်ရုံ၊ အလုပ်ရုံကထွက်တဲ့ မီးခိုးတွေကြောင့် လေထုတွေ ညစ်ညမ်းနေတာတွေ ရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ သိပ်တော့မရှိလောက်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ မျက်စိနဲ့မမြင်ရတဲ့ ကျွန်တော်တို့ လေထုထဲကနေပြီးရတဲ့အနံ့တွေ၊ အနံ့ဆိုးတွေကိုလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။

နောက်တစ်ခါ မျက်စိနဲ့မမြင်ရတဲ့ လေထုထဲကနေလာတဲ့ ကျွန်တော်တို့ အနံ့ဆိုးတွေဟာလည်း လူတွေရဲ့ ပတ်ဝန်းကျင်တွေကိုလည်း ထိခိုက်စေတဲ့အတွက်ကြောင့် ဒါတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ ရေထဲမှာဆိုလို့ရှိရင်လည်း သတ္တုတွေတူးဖော်လို့၊ ခုနက ရွှေတွေတူးဖော်လို့ အဲဒီကနေထွက်လာတဲ့ ကျွန်တော်တို့ ဓာတုပစ္စည်းတွေကြောင့် ရေထုတွေ ညစ်ညမ်းပြီးတော့ ငါးသတ္တဝါတွေ သေဆုံးတာတွေ ဒါတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့လည်း လိုအပ်ပါတယ်။ ဥပမာ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်မှာရှိတဲ့ စံပယ်တောင်တို့၊ ကြေးစင်တောင်တို့၊ လက်ပံတောင်းတောင်တို့မှာ သတ္တုတူးဖော်မှုတွေ အကြီးအကျယ်ရှိတဲ့အတွက်ကြောင့် တစ်နေ့ကို Sulphuric Acid တန်(၅၀)လောက် လိုတာကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ပိုင်တဲ့ မိုးကြိုး Sulphuric Acid စက်ရုံကနေ ထုတ်လုပ်လိုက်ပါတယ်။ အဲဒီလို ထုတ်လုပ်တဲ့အတွက်ကြောင့်လည်း အနားမှာရှိတဲ့ ရေတွေ၊ ချောင်းတွေထဲမှာ သွားပြီးတော့ ငါးတွေသေဆုံးတာတွေ၊ မြေထဲမှာ ကန်တူးပြီး ထည့်တဲ့အတွက်ကြောင့် အနားမှာရှိတဲ့ ဥပမာ ကန်ကုန်းကျေးရွာ အ.ထ.က ထဲမှာရှိတဲ့ သစ်ပင်ကြီးတွေ ခြောက်သေသွားတာတွေ၊ အဲဒီအနားမှာရှိတဲ့ ကျွန်တော်တို့ နေကြာခင်းတွေ၊ နှမ်းခင်းတွေ ပျက်စီးသွားတာတွေ တွေ့ရှိရပါတယ်။

အဲဒီလို ဘာကြောင့် ပျက်စီးရသလဲဆိုတော့ Sulphate ဆိုတဲ့ ကန့်ပြာဓာတ်က ကျွန်တော်တို့ မြေကြီး(၁)ဂရမ်ထဲမှာ (၅၀)မီလီဂရမ် ဆိုလို့ရှိရင် အများဆုံးပါဝင်မှု ဖြစ်ပါတယ်။ တကယ်တမ်း လက်တွေ့ စမ်းသပ်လိုက်တဲ့အခါမှာ (၂၆၀)လောက် ရှိတဲ့အတွက်ကြောင့် အများဆုံးပါဝင်မှုထက်တောင် အဆ(၅)ဆလောက် ကျော်နေတာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ မြေထု၊ ရေထုထဲမှာလည်း သန့်ရှင်းဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဒီပတ်ဝန်းကျင်မှာဆိုလို့ရှိရင် ဘာတွေရှိလဲဆိုတော့

ကျောင်းတွေ၊ ကျေးရွာတွေ၊ ကျွန်တော်တို့ ဒီစာသင်ကျောင်းတွေ၊ ဈေးတွေ၊ ဘုတာရုံတွေ၊ ချောင်းတွေ၊ မြောင်းတွေထဲမှာ ကျွန်တော်တို့ ပလတ်စတစ်အမှိုက်တွေဟာ မမြင်ဝံ့အောင် အမြို့မြို့အနယ်နယ်မှာ ဖြစ်နေပါတယ်။ ဒါတွေကိုလည်း သန့်ရှင်းဖို့၊ ဒါတွေကိုလည်း ဖြစ်အောင်လုပ်ပေးဖို့ ကျွန်တော်တို့ အနေနဲ့လည်း လေ့လာဆန်းစစ်ဖို့ လိုပါတယ်လို့ ကျွန်တော်က တိုက်တွန်းချင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီပလတ်စတစ်အမှိုက်တွေက ကျွန်တော်တို့ မီးရှို့ပစ်လို့ရှိရင် မီးရှို့တာတောင်မှ လေတင်က ရှို့မှ နို့မို့ဆို ရှူမိရင် ကင်ဆာ ဖြစ်နိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးများကို ကျွန်တော် အနည်းငယ် မေတ္တာရပ်ခံချင်ပါတယ်။ အခု ကျွန်တော်တို့ လုပ်တဲ့အစီအစဉ်က သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးတာပါ။ ဆွေးနွေးတဲ့အခါကျတော့ ဒီလုပ်တဲ့ အစီရင်ခံစာမှာ ဘယ်လိုအားသာချက်ရှိတယ်၊ ဘယ်လိုအားနည်းချက်ရှိတယ်၊ ဘယ်လိုပြုပြင်မယ်၊ ဘယ်လို ကော်မတီကို အကြံပေးဖို့၊ လိုအပ်ရင် ဘယ်လို လိုအပ်တယ်၊ အဲဒါလေးတွေ အဓိကထားပါ။ အခုတစ်ခါ ဆွေးနွေးတာ ကိုယ်ပြောချင်ရာပြောပြီး ဒီ အစီရင်ခံစာကို ဆွေးနွေးတဲ့သဘောထား မရောက်ဘူးဖြစ်နေပါတယ်။ အဲဒီတော့ ဆွေးနွေးမယ့်လူတွေက အစီရင်ခံစာရဲ့ အားသာချက်၊ အားနည်းချက်၊ ဘာတွေ အားသာချက်ရှိတယ်။ ဘာတွေ အားနည်းချက်ရှိတယ်။ ဘယ်လို ပြုပြင်သင့်တယ်။ ဘယ်လို ဆောင်ရွက်သင့်တယ်ဆိုတာ ဒီလို အကြံပေးဆွေးနွေးမှသာ ဒါ ခုနက အစီရင်ခံစာကို ဆွေးနွေး ရာရောက်မှာပါ။ ကျွန်တော်တို့ ကိုယ်မြင်တာ ကိုယ်ပြောနေရင် ဒါ အစီရင်ခံစာကို ဆွေးနွေးရာ မရောက်ပါဘူး။ အဲဒါကြောင့်မို့လို့ တကယ်တမ်း ဆွေးနွေးတဲ့အခါမှာ ကော်မတီကို အကြံပြုနိုင်အောင် အဓိကထား ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၉။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ဒီကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အချိန်တိုလေး အတွင်းမှာပဲ ကော်မတီဟာ ဆိုလို့ရှိရင် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကိုလည်း ရေးဆွဲနိုင်ခဲ့တယ်။ အဲဒီအပြင် ပြည်သူတွေရဲ့ တိုင်ကြားစာနဲ့ ပတ်သက်ပြီးတော့ (၄)ကြိမ်ကွင်းဆင်း လေ့လာခဲ့သလို လာအိုနိုင်ငံကို သွားပြီးတော့လည်း သတ္တုမိုင်းတွေကို တူးဖော်တာ လေ့လာခဲ့ပါတယ်။ ကျွန်မအနေနဲ့ အဲဒါတွေအတွက် ကြိုဆိုပါတယ်။

အကြံပြုချင်တာကတော့ အဲဒီလို ကွင်းဆင်းသွားရောက်ခဲ့တဲ့ တွေ့ရှိချက်တွေ၊ အနှစ်ချုပ် လေးတွေပေါ့နော်။ ရလဒ်လေးတွေ ဒါတွေကို အစီရင်ခံစာမှာ ထည့်ပြရင် ပိုပြီးတော့ကောင်းမယ်လို့ အကြံပြုချင်ပါတယ်။ ပြီးတော့ ပြည်ပခရီးစဉ်နဲ့ ပတ်သက်ပြီးတော့လည်း အဲဒီနိုင်ငံမှာ တွေ့ရှိခဲ့တဲ့

သတ္တုမိုင်းတွေရဲ့ အားသာချက်၊ အားနည်းချက်တွေနဲ့ ကျွန်မတို့နိုင်ငံမှာ လက်ရှိ ဆောင်ရွက်တာတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုကွာခြားချက်တွေရှိလဲ။ ကျွန်မတို့အတွက် ဘယ်လိုလေ့လာရမလဲ၊ ပြုပြင်ရမလဲဆိုတာတွေနဲ့ ပတ်သက်ပြီးတော့လည်း အကျဉ်းချုပ်လေး ထည့်ရေးမယ်ဆိုရင် ပိုပြီးတော့ ကောင်းမွန်မှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မအနေနဲ့ ဒီကော်မတီရဲ့ သုံးသပ်အကြံပြုချက်မှာပါတဲ့ ဒီ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သဘာဝသယံဇာတတွေ ခွဲဝေသုံးစွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲခြင်း၊ ရေရှည်တည်တံ့တဲ့ စွမ်းအင်သုံးစွဲခြင်းနဲ့ ပတ်သက်ပြီးတော့ ဒီကော်မတီက ဆက်နွယ်နေတဲ့အတွက်ကြောင့်မို့လို့ ကော်မတီရဲ့ နောက်ဆောင်ရွက်မယ့် လုပ်ငန်းတွေထဲမှာ အခုအစီရင်ခံစာထဲမှာ မပါတဲ့ လုပ်ငန်းတချို့ကို ကျွန်မအနေနဲ့ လိုအပ်နေတဲ့ လုပ်ငန်းတချို့ ဆောင်ရွက်မယ်ဆိုရင် ပိုပြီးတော့ကောင်းမွန်မယ်လို့ ကျွန်မအနေနဲ့ အကြံပြုချင်ပါတယ်။

ဥပမာဆိုလို့ရှိရင် ကျွန်မတို့မြန်မာနိုင်ငံရဲ့ ဒီသယံဇာတတွေကို အဓိကထုတ်ယူတဲ့ နိုင်ငံတော်ရဲ့ ဘတ်ဂျက် ဘဏ္ဍာငွေတော်တော်များများမှာ (၄၀)ကျော်လောက်မှာဆိုရင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေဟာ လွှမ်းမိုးထားပါတယ်။ ဒါကြောင့်မို့လို့ ဒီသယံဇာတတွေ အဓိကထုတ်ယူတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့ မြန်မာ့ကျောက်မျက် လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့မှ ကျွန်မတို့ ဒီကော်မတီအနေနဲ့ စောင့်ကြည့်လေ့လာမှု (Over Sight) လုပ်သင့်တယ်လို့ ကျွန်မအနေနဲ့ ဒီမှာ အကြံပြုချင်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ဒီ SEE တွေဟာ နိုင်ငံရဲ့ ဘဏ္ဍာငွေတော်တော်များများမှာ ဒီကနေရရှိတယ်။ ဒါပေမယ့်လို့ ကျွန်မတို့ ဒီဘတ်ဂျက် အနေအထားဟာဆိုလို့ရှိရင် ဒီ SEE တွေရဲ့ ကုန်ကျစရိတ်ဟာ နိုင်ငံတော်ကနေပြီးတော့ ငွေလုံးငွေရင်း ကုန်ကျစရိတ်တွေက ကုန်ကျနေတာဖြစ်တယ်။ အဲဒီမှာ ကုန်ကျစရိတ်တွေဟာ တစ်နှစ်ထက်တစ်နှစ် များလာတယ်။ ဒါပေမယ့်လို့ ဝင်ငွေဟာ လျော့ကျလာပါတယ်။

ဒါတွေနဲ့ပတ်သက်ပြီးတော့မှ ကော်မတီအနေနဲ့ လေ့လာပြီးတော့မှ၊ သုံးသပ်ပြီးတော့မှ ဘာကြောင့်ဖြစ်ရလဲ ဆိုတာကို ကျွန်မအနေနဲ့ နောင် အစီရင်ခံစာတွေမှာ သုံးသပ်ပြီးတော့မှ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ တွေ့ဆုံဆွေးနွေးချက်၊ အဲဒါဘာကြောင့်လဲဆိုတော့ ကော်မတီရဲ့တာဝန်တွေထဲမှာ ဒီဟာတွေက ပါဝင်နေလို့ ဖြစ်ပါတယ်။ ဥပမာဆိုလို့ရှိရင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဟာ ဆိုလို့ရှိရင်ပေါ့နော်၊ ဒီရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့မှ ကျွန်မတို့ ဒီပတ်သက်တဲ့ သတင်းအချက်အလက်တွေ၊ စာချုပ်စာတမ်းတွေမှာ ပွင့်လင်းမြင်သာမှု အားနည်းနေပါတယ်။ ကျွန်မတို့နိုင်ငံ EITI ကိုလည်း ဝင်ဖို့ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့မှ ကော်မတီအနေနဲ့ ဆက်လက်ပြီးတော့ ဆောင်ရွက်စေချင်ပါတယ်။ နောက်တစ်ခုကကျတော့ ဒီ မြန်မာ့ကျောက်မျက်လုပ်ငန်းမှာဆိုရင် ကျွန်မတို့ ကုန်ကျစရိတ်တွေက ကောင်းမွန်စွာစီမံခန့်ခွဲနိုင်မယ်၊ လုံခြုံရေးစရိတ်နဲ့ လက်ကျန်ကုန်ပစ္စည်းစာရင်းတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့ အတိအကျ မရှိပါဘူး။ ကော်မတီအနေနဲ့သော်လည်းကောင်း၊ ပါလီမန်အနေနဲ့ သော်လည်းကောင်း၊ ဒီ

SEE တွေကို Over Sight လုပ်ဖို့ တာဝန်ရှိပါတယ်။ အဲဒါနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ကျွန်မတို့ လွှတ်တော်ကနေပြီးတော့မှ၊ တင်ပြလေ့လာပြီးတော့မှ တင်ပြစေချင်ပါတယ်။

နောက်တစ်ခု စွမ်းအင်နဲ့ ပတ်သက်ပြီးတော့ ပြည့်ဖြိုးမြဲစွမ်းအင်၊ ဒီမယ်လည်း သုံးသပ်ထားတဲ့အတွက်ကြောင့်မို့လို့ ကော်မတီအနေနဲ့ ပြည့်ဖြိုးမြဲစွမ်းအင်၊ ကျွန်မတို့နိုင်ငံမှာဆိုလို့ရှိရင် လေ၊ ရေ၊ နေနှင့် ဘူမိစွမ်းအားနဲ့ ဇီဝစွမ်းအင်တွေ များစွာရှိတယ်ဆိုပြီးတော့ သုတေသနတွေအရ တွေ့ရှိချက်တွေအရ တွေ့ရှိရပါတယ်။ ဒါပေမယ့်လို့ ဒီကဏ္ဍတွေမှာ တိုးတက်အောင်လုပ်ဖို့အတွက် ဆိုပြီးတော့ ကျွန်မတို့ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီကနေ ၂၀၁၅ မှာပေါ့နော်၊ အမျိုးသားစွမ်းအင်မူဝါဒကို ချမှတ်ခဲ့ပါတယ်။ (၉)ချက်ရှိပါတယ်။ အဲဒီမှာလည်း ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ ပတ်သက်ပြီးတော့မှ ကျေးလက်ဒေသတွေ အထူးသဖြင့်ပေါ့၊ နိုင်ငံရဲ့(၇၀)ရာခိုင်နှုန်းရှိတဲ့ ကျေးလက်ဒေသတွေမှာ လျှပ်စစ်မီး မရရှိဘူး။ လျှပ်စစ်မီး ရရှိဖို့အတွက် ဒီပြန်ဖြည့်မြဲစွမ်းအင်တွေ သုံးတာနဲ့ပတ်သက်ပြီးတော့မှ မူဝါဒတွေ ချမှတ်ထားတယ်။ အဲဒီမှာဆိုလို့ရှိရင် ဘာပါလဲဆိုတော့ စွမ်းအင် ထိရောက်စွာသုံးစွဲရေးနဲ့ ခြိုးခြံချွေတာရေးလုပ်ငန်းစဉ်တွေ၊ နည်းဥပဒေတွေ ပေါ်ထွက်လာဖို့ နောက်တစ်ခါမှာ စွမ်းအင်ဆိုင်ရာ စံချိန်စံညွှန်းတွေ ရေးဆွဲနိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမယ်လို့ ပါတဲ့အတွက်ကြောင့် ကော်မတီနဲ့ အဲဒီမူဝါဒတွေ ပေါ်ထွက်လာဖို့ကိုလည်း ကျွန်မအနေနဲ့ ဆောင်ရွက်ဖို့ကို တိုက်တွန်းချင်ပါတယ်။ အဲဒီအပြင် ဒီကော်မတီမှာ တင်ပြထားတဲ့ သတ္တုတွင်းနည်းဥပဒေ မပေါ်သေးတဲ့ အတွက်ကြောင့်မို့လို့ လက်ရှိပေါ့နော်၊ ကျွန်မတို့ ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းတွေ၊ ကျွန်မရဲ့ မဲဆန္ဒနယ် ဒေသမှာရှိတဲ့ ရွှေကျင်ဒေသမှာဆိုလို့ရှိရင် ရွှေတို့၊ အခြားသတ္တုတွေ ထွက်တာမှာ ဒီနည်းဥပဒေ မရှိတဲ့အတွက်ကြောင့်မို့လို့ ပြဿနာတွေ မျိုးစုံဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီသတ္တုတွင်း နည်းဥပဒေ ပေါ်ထွက်ဖို့ကို ကော်မတီအနေနဲ့လည်း အားသွန်ခွန်စိုက် တိုက်တွန်းပြီးတော့မှ ဆောင်ရွက်ဖို့ကို ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။ ခြုံပြီးပြောရမယ်ဆိုလို့ရှိရင် ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေဟာ အားရကျေနပ်မှုလည်း ရှိပါတယ်။ ရလဒ်တွေလည်း ကောင်းပါတယ်။ ဒီထက်ပိုပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ အရေးကြီးတဲ့ကဏ္ဍဖြစ်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကို ဒီထက်ပိုပြီးတော့ တွန်းအားပေးပြီး ဆောင်ရွက်စေချင်ပါတယ်။

နောက်တစ်ခု အရေးကြီးတာက ကျွန်မတို့ ဒီမြစ်ကြောင်းတွေပါ။ ကျွန်မတို့ဒီ သဘာဝဘေးအန္တရာယ်တွေ အဓိကဖြစ်တာလည်း ဒီမြစ်ကြောင်းတွေ၊ ချောင်းမြောင်းတွေမှာ ရေဝေရေလဲဧရိယာတွေမှာ ကျွန်မတို့ သစ်တောတွေ ပြုန်းတီးပြီးတဲ့အခါမှာ ကျွန်မတို့ ဒီသတ္တုတွေ မတန်တဆတူးဖော်တာတွေ သောင်တူးခြင်းလုပ်ငန်းတွေ၊ သဲတူးတာတွေ၊ ကျောက်တူးတာတွေ စသည်ဖြင့်ပေါ့နော် နောင်အခါမှာ ကျွန်မတို့ ဒီဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်တဲ့အတွက်ကြောင့်မို့လို့ မြစ်ကြောင်းတွေ ပြောင်းလဲတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီရေကြီးရေလျှံမှုတွေ ဖြစ်ပြီးတော့မှ နိုင်ငံတော်ဘတ်ဂျက်က နှစ်စဉ်နှစ်တိုင်းပဲ အဆမတန် ကုန်ဆုံးနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မကတော့ ဒီမြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းနဲ့ ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပတ်သက်ပြီးတော့လည်း

ကော်မတီအနေနဲ့ ဆောင်ရွက်ပြီးတော့မှ အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြပေးပါလို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီနေ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဟာ ယခင်က သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေး ကာလအတွင်းမှာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ အကြံပြုချက်မှာ ယခင် ပထမအကြိမ် အမျိုးသားလွှတ်တော်သက်တမ်းတွင် သတ္တုတွင်းဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးဌာန(၂)ခု ရှိပါတယ်။ အဲဒီဝန်ကြီးဌာန(၂)ခု ပေါင်းပြီးတော့ ယခု အစိုးရသစ်လက်ထက်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ သို့အတွက် ကော်မတီရဲ့ အမည်ကိုလည်းပဲ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဟု ပြင်ဆင်ပေးပါရန် အကြံပြုတင်ပြချက်အပေါ်မှာ ပြင်ဆင်ခဲ့တာ တွေ့ရှိရလို့ အဲဒီလိုဆောင်ရွက်ခဲ့တာလို့ ကျွန်တော့်အနေနဲ့ သိရှိနားလည်ခဲ့ရပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီလို့ ဆိုတာနဲ့ သယံဇာတဟာ အများကြီးကျယ်ဝန်းပါတယ်။ မြေသယံဇာတ၊ ရေသယံဇာတ၊ လေသယံဇာတ ဟူ၍ရှိပါတယ်။ မြေသယံဇာတမှာလည်းပဲ မြေအောက်သယံဇာတ၊ မြေပေါ်သယံဇာတ၊ အဲဒီမှာ မြေအောက်သယံဇာတမှာလည်းပဲ သတ္တုသယံဇာတ၊ ရေနံသယံဇာတ၊ ရွှေသယံဇာတ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ စတဲ့ ကျောက်မျက်ရတနာသယံဇာတတွေဟာ နိုင်ငံတော်ရဲ့ ရတနာသိုက်တွေ ဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာတိုက်တွေ ဖြစ်ပါတယ်။ ယခုဆိုရင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဦးဆောင်ရေးဆွဲနေတဲ့ ၂၀၁၇ ခုနှစ်၊ မြန်မာ

ကျောက်မျက်ရတနာ ဥပဒေကြမ်းဟာ အမျိုးသားလွှတ်တော်မှာ အတည်ပြုခဲ့ပြီးဖြစ်လို့ မကြာမီ အသက်ဝင်လာတော့မှာ ဖြစ်တယ်လို့ ပြောလိုပါတယ်။ ဒီအတွက် တိုင်းပြည်အတွက် များစွာ အကျိုးကျေးဇူးရှိလာမယ်လို့ ယုံကြည်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဟာ အထက်ဖော်ပြပါ သယံဇာတတွေအပေါ်မှာ အထူးအလေးထား အာရုံစိုက်ဆောင်ရွက်နေတာတွေ့ရလို့ ဝမ်းသာကျေနပ်မိပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ အကြံပြုလိုတာက ယခင်သတ္တုတွင်းဝန်ကြီးဌာနရဲ့ ရွှေကြွေးကျန်များ ရှင်းလင်းဆောင်ရွက်နိုင်ရေးကိုလည်း ကော်မတီအနေနဲ့ အလေးထား ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။

ဒုတိယအနေနဲ့ မြေပေါ်သယံဇာတဖြစ်တဲ့ သစ်တောသယံဇာတနဲ့ ပတ်သက်ပြီး ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သစ်ကို စည်းမဲ့ကမ်းမဲ့ ထုတ်ခဲ့ကြလို့၊ ခုတ်ခဲ့ကြလို့ သစ်တောတွေလည်း ပြုန်း၊ တောင်တွေက ကတုံးဖြစ်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒီတောတွေ တောင်တွေဟာ သဘာဝပတ်ဝန်းကျင် နဲ့ လုံးဝဆက်စပ်နေပါတယ်။ ကော်မတီအနေနဲ့ သစ်တောတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်စေချင်ပါတယ်။ သစ်တောကဏ္ဍ အလေးထားဆောင်ရွက်တာ နည်းနည်း အားနည်းတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ သစ်ပင်တွေစိုက်ဖို့ သက်ဆိုင်ရာကို တိုက်တွန်းဖို့ လိုအပ်ပါတယ်။ သစ်ပင်တွေ စိုက်တဲ့နေရာမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များကို မြေငှားပေးပြီးတော့ စိုက်ခင်းတည်ထောင်ကာ သစ်ပင်များ စိုက်ပျိုးခဲ့တာကိုလည်း တွေ့ရပါတယ်။ ကျွန်းစိုက်ခင်းတွေ၊ သစ်မာစိုက်ခင်းတွေ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ အလွန်ကောင်းတဲ့ဆောင်ရွက်မှု ဖြစ်ပါတယ်။

သို့သော် ပြည့်မီအောင် မစိုက်ပျိုးနိုင်တာကိုလည်း အဲဒီမှာ ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါအတွက် ယခင်ခွင့်ပြုခဲ့တဲ့ ဧကတွေထဲက တကယ်စိုက်တာကလွဲပြီး တကယ်မစိုက်နိုင်တဲ့မြေတွေကို နိုင်ငံတော်က စနစ်တကျ ပြန်လည်သိမ်းယူဖို့၊ ပြန်လည်ရယူဖို့ လိုအပ်ပါတယ်လို့ အကြံပြုလိုပါတယ်။ ထို့အတူ တစ်နှစ်မှာ (၁)ဧကကို (၂၀၀)ကျပ်နှုန်းဆိုတဲ့ မြေငှားခဟာ အလွန်နည်းပါးတာတွေ့ရလို့ ခေတ်ကာလနဲ့အညီ ပိုမိုရရှိအောင် ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနကို ကော်မတီအနေနဲ့ တိုက်တွန်း ဆောင်ရွက်ပေးဖို့ လိုအပ်တယ်လို့ အကြံပြုလိုပါတယ်။

ဒါ့အပြင် နိုင်ငံတော်အနေနဲ့ ကြိုးဝိုင်းကြိုးပြင်တွေမှာ သစ်ပင်တွေစိုက်ဖို့ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ဖို့လိုမယ်လို့ ကော်မတီကို တိုက်တွန်းချင်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံအောက်ပိုင်းက ဒီရေတောတွေကိုလည်း ပြန်လည်စိုက်ပျိုးဖို့၊ ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ သစ်တောပညာရှင် ဆရာကြီးဦးအုန်း က ဒီရေတောတွေကို ပြန်လည် ထိန်းသိမ်းဖို့၊ ပြန်လည်စိုက်ပျိုးဖို့ အကြံပြုခဲ့တာကို ကျွန်တော် ယခုအချိန်ထိ ပြန်လည်ကြားယောင်မိပါတယ်။ ဗီယက်နမ်နိုင်ငံမှာ ဒီရေတောတွေ ပြုစုပျိုးထောင်ထိန်းသိမ်းမှုတွေကို တွေ့မြင်ခဲ့ရပါတယ်။ အလွန်အားကျအတုယူဖွယ်ကောင်းပါတယ်။ ဒီရေတောတွေရှိခြင်းအားဖြင့် ရာသီဥတုကို ထိန်းညှိပေးသလို ဒီရေတောတွေအတွင်းမှာ ငါးတွေ၊ ပုစွန်တွေ၊ ရေသတ္တဝါတွေ မျိုးပွားမှုနှုန်း မြင့်မားစေပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ အောက်ပိုင်းမှာရှိတဲ့ ဒီရေတောတွေကို ပြန်လည်ပြုစုပျိုးထောင်ပေးဖို့ သက်ဆိုင်ရာဝန်ကြီးဌာနကို ကော်မတီအနေနဲ့ တိုက်တွန်းဆောင်ရွက်ပေးဖို့ လိုအပ်

ပါတယ်လို့ အကြံပြုလိုပါတယ်။ နောက်ပြီး သစ်တောမြေတွေကို တိုးချဲ့ဖို့ သစ်တောတွေ ပြန်လည်တည်ထောင်ဖို့၊ စွမ်းဆောင်ရည်ပိုမိုမြင့်မားတဲ့ အဆင့်မြင့်သစ်တောပညာရပ်တွေနဲ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ သစ်တောတွေဟာ ပြန်လည်ဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ပါတယ်။ သစ်တောတွေ ရှင်သန်ဖွံ့ဖြိုးလာခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် တောင်တွေမှာ ယခု သတ္တုသယံဇာတမရှိရင်တောင်မှ တောင်တွေကို ဖြိုပြီးတော့ လမ်းခင်းဖို့ ကျောက်တွေ၊ ကျောက်ဆွေးမြေတွေ တူးဖော်ထုတ်ယူနေကြတာလည်း တွေ့ရပါတယ်။

ဒါတွေဟာ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေပါတယ်။ ဒါကြောင့် ဒါတွေကို ထိန်းသိမ်းပေးဖို့ လိုအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော့်အနေနဲ့ တင်ပြချင်တဲ့အချက်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကော်မတီတစ်ခုတည်းသာ ဒီတာဝန်တွေရှိတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များမှာလည်း တာဝန်ရှိပါတယ်လို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဝင်းဇော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၃။**

**ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ အကြံပြု ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ အစီရင်ခံစာကို လေ့လာဖတ်ကြည့်တဲ့အခါမှာ အစီရင်ခံစာမှာ နိဒါန်းကနေ နိဂုံးအထိ အပိုဒ်(၈)ပိုဒ် ပါဝင်ပြီးတော့မှ ကော်မတီရဲ့ လုပ်ရှားမှုတွေအနေနဲ့ကတော့ အစည်းအဝေးကျင်းပတာ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေနဲ့တွေ့ဆုံတာ၊ ကွင်းဆင်းဆောင်ရွက်တာတွေအပြင် ကျွန်တော်တို့ ပြည်ပခရီးစဉ်တွေပါ ပါတဲ့ လှုပ်ရှားမှုကို တွေ့ရပါတယ်။ အဲဒီလှုပ်ရှားမှုတွေအရ ရရှိလာတဲ့ရလဒ်တွေကတော့ နောက်ဆုံးအကြံပြုချက်မှာ သက်ဆိုင်ရာအစိုးရအဖွဲ့ကို အကြံပြုချက်တွေ၊ တိုက်တွန်းချက်တွေအနေနဲ့ ထွက်ပေါ်လာတာ တွေ့ရပါတယ်။ လောလောလတ်လတ်မနေ့တုန်းက ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာပဲ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဆိုင်ရာ ဥပဒေကို မနေ့တုန်းကပဲ အတည်ပြုနိုင်ခဲ့တယ်။ ဒါဟာ ကော်မတီရဲ့ ကြိုးစားအားထုတ်မှုဖြစ်ပြီးတော့မှ တကယ် ကွင်းဆင်းဆောင်ရွက်ချက်တွေအရ ဒီအခြေအနေနဲ့အညီ ထွက်ပေါ်လာတဲ့ ဥပဒေလို့ ဆိုနိုင်တဲ့အတွက်ကြောင့်မို့ များစွာဂုဏ်ယူမိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေဟာ မိမိတို့ရဲ့ အဓိကကျတဲ့တာဝန်တွေကို တစ်ဖက်က ထမ်းဆောင်နေရသလို အမျိုးသားလွှတ်တော် ဥပဒေပုဒ်မ ၂၇၊ နည်းဥပဒေဆိုင်ရာ ပုဒ်မ ၁၀၆၊ ၁၀၇ အရ ဖွဲ့စည်းတဲ့ကော်မတီတွေမှာ ကော်မတီ(၁)ခု သို့မဟုတ် (၂)ခုကို လွှတ်တော်ကိုယ်စားလှယ် အားလုံးနီးပါးက တာဝန်ယူပြီးတော့မှ ဆောင်ရွက်ကြရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ကော်မတီထဲမှာပါတဲ့ ဒီကော်မတီရဲ့ တာဝန်ကိုတော့ ကျွန်တော်တို့က အဓိကပြုတဲ့ဘာသာတစ်ရပ်အနေနဲ့ သူနဲ့ သက်ဆိုင်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဲဒီဝန်ကြီးဌာနမှာရှိတဲ့ ဦးစီးဌာနတစ်ခုချင်းစီရဲ့ ကျင့်သုံးဆဲ၊ ကျင့်သုံးနေတဲ့ ဥပဒေ၊ နည်းဥပဒေတွေ၊ အဲဒီဥပဒေနဲ့ နည်းဥပဒေတွေကို အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ အောက်ခြေ ဗျူရိုကရေစီလမ်းကြောင်းမှာရှိတဲ့ ကျွန်တော်တို့ ဒီဝန်ထမ်းတွေရဲ့ လုပ်ကိုင်ဆောင်ရွက်မှုနဲ့ ခုနတုန်းက ဒေါ်ရွှေရွှေစိန်လတ် တို့လည်း ပြောသွားတယ်။ ကျွန်တော်တို့ ဒီ ဥပဒေ၊ နည်းဥပဒေတွေမှာ မပါပေမယ့် နိုင်ငံတကာကနေ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေဖြစ်တဲ့ (EITI)တို့လို၊ (SAI/EAI)တို့လို ကျွန်တော်တို့ ကော်မတီကနေပြီးတော့မှ ကျင့်သုံးနိုင်ဖို့ သယံဇာတကို စနစ်တကျ ထုတ်ယူနိုင်ဖို့ဆိုတဲ့ ဟာတွေကို ဆက်လက်ဆောင်ရွက်ဖို့လည်း လိုအပ်မယ်လို့ ထင်ပါတယ်။

အဲဒီလိုလုပ်တဲ့အခါမှာ အဓိကအားဖြင့် ဆိုလိုချင်တာ ကော်မတီဟာ သက်ဆိုင်ရာ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ကျွန်တော်တို့ တိုက်ရိုက် Check and Balance လုပ်နိုင်တဲ့အခွင့်အရေးဟာ ကျန်တဲ့ကော်မတီတွေထက် အများကြီးတာဝန်ရှိတယ်လို့ ကျွန်တော် ထင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ကော်မတီ(၁)ခုကိုပဲ တာဝန်ယူပြီးလုပ်တဲ့အခါမှာ အခြားကော်မတီတွေကို ကျွန်တော်တို့ အခြားကော်မတီနဲ့ဆိုင်တဲ့ကိစ္စတွေကို ကျွန်တော်တို့ လျစ်လျူရှုထားရသလို ဖြစ်တယ်။ ကျွန်တော်တို့မှာ ဆွေးနွေးခွင့်ဆိုတဲ့ အခွင့်အရေးဟာ နည်းပါးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ကိုယ်စားလှယ်တွေအနေနဲ့ မိမိတို့ရဲ့ကော်မတီနဲ့ ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ကောင်းမွန်တဲ့အကြံဉာဏ်တွေနဲ့ ကောင်းမွန်တဲ့ ဒီ Check and Balance လုပ်ဖို့ဆိုတာ ဒီကော်မတီကနေပြီးတော့မှ အဆိုကောင်းတစ်ရပ်ကို လွှတ်တော်ထဲကို သွင်းလာမှသာလျှင် ဒီကော်မတီနဲ့ မသက်ဆိုင်တဲ့ အခြားသော အခြားသော လွှတ်တော်ကိုယ်စားလှယ်များကလည်း ဆွေးနွေးပိုင်ခွင့် ရှိပါတယ်။ ဆိုတော့ ခုနတုန်းက လုပ်ဆောင်ချက်တွေကို ကြည့်တဲ့အခါမှာ ဒီသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက ဒီအဆိုတင်သွင်းထားတာ လွန်ခဲ့တဲ့ ကာလသက်တမ်းမှာ မရှိပါဘူး။ ဆိုတော့ ဦးစီးဌာနတစ်ခုချင်းစီအရ နောက်ပိုင်းမှာ ဆိုလို့ရှိရင် အဆိုတွေ တင်သွင်းပြီးတော့မှ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကနေ ဆွေးနွေးခွင့်ရအောင် ဒါ Focus လုပ်ပြီးတော့မှ လွှတ်တော် ဒီကော်မတီတစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဒါ ထင်ပါတယ်။

ဥပမာအားဖြင့် ကျွန်တော်တို့ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအနေနဲ့ဆိုလို့ရှိရင် ဒေါက်တာစန်းမောင်မောင် တင်သွင်းတဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးဆိုင်ရာနဲ့ ပတ်သက်တဲ့ အဆို ဆိုရင်လည်း ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေ အကုန်လုံး ဆွေးနွေးတယ်။ နောက် ဦးစိုင်းဝမ်းလှိုင်းခမ်း တင်တဲ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ဟာမျိုးဆိုလည်း အကုန်လုံး

ဆွေးနွေးတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ကော်မတီပဲ မဟုတ်ဘဲနဲ့ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အမြင်နဲ့ သူတို့ရဲ့ အကြံဉာဏ်ကောင်းတွေဟာ အစိုးရကို ထောက်ပြနိုင်ပြီးတော့မှ အစိုးရကို ဒီပံ့ပိုးနိုင်တဲ့အနေအထားမျိုးတွေ အများကြီး သွားတွေ့ရပါတယ်။ ဒါကို ကျွန်တော် ဆိုလိုချင်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အဓိကအားဖြင့်တော့ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတပစ္စည်းတွေကို အမှီပြုပြီးတော့ ဆောင်ရွက်နေရတာဖြစ်လို့ ဒီ Sustainable Resource Development ဖြစ်ဖို့ဆိုတာ များစွာ အရေးကြီးပါတယ်။ ဒီနေရာမှာ အားနည်းချက် ဝန်ကြီးဌာနအားနည်းချက်တွေ အများကြီးရှိပါတယ်။ ကျွန်တော် ဒီနေရာမှာ Power Point လေး ပြချင်ပါတယ်။ လောလောလတ်လတ်ဖြစ်ထားတဲ့ကိစ္စ။ Power Point ပြပါ။ ဒါက ကျွန်တော်တို့ အင်းတော်ကြီးဒေသ ပေါ့နော်။ ဒီ မိုင်းတောင်၊ မမုန်ကိုင်ဒေသမှာ ရွှေလုပ်နေတာနဲ့ ပတ်သက်ပြီးတော့မှ ရွှေမျှောစာတွေ အင်းတော်ကြီးထဲကို ဒါစီးဝင်သွားတဲ့ အနေအထားမျိုးကို ဒါ ကျွန်တော် ပြတာပါ။ နောက် Slide ပြပါ။

ဒါဟာဆိုရင် အင်းတော်ကြီးအင်းထဲကို ဒါ ဝင်သွားတဲ့ ရွှေသဲစာတွေ။ ဒါဟာ တရားမဝင်ရွှေတူးဖော်ခြင်းကြောင့်မို့ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ ဒါ အင်းထဲမှာ အခု ရွှေသဲစာတွေ ဧကပေါင်းများစွာဝင်သွားပါပြီ။ ဒါကတော့ ကျွန်တော်တို့ အခု ဖမ်းဆီးထားတဲ့ ဒီ Back Hoe တွေကို ကျွန်တော်တို့ သွားပြီးတော့မှ ကွင်းဆင်းတာပါ၊ လွန်ခဲ့တဲ့တစ်ပတ်က ကွင်းဆင်းစစ်ဆေး ချက်တွေအရ ကြည့်ရတာပါ။ ဆိုလိုချင်တာက ဒီမှာ အရေးယူဆောင်ရွက်နိုင်ဖို့ အရေးကြီးပေမယ့် ဝန်ကြီးဌာနရဲ့ အားနည်းချက်က ဘာဖြစ်နေသလဲဆိုလို့ရှိရင် ဒီဖမ်းဆီးတဲ့အခါမှာ ဖမ်းဆီးထားတဲ့ အခြေအနေအရ ရှိထားတဲ့ ဥပဒေ၊ နည်းဥပဒေအရ သက်ဆိုင်ရာဝန်ကြီးဌာနက တရားစွဲမယ်ဆိုလို့ရှိရင် ဖမ်းဆီးတဲ့လုပ်ငန်းစဉ်တွေရဲ့ အားနည်းချက်တွေအရ အားနည်းချက်၊ လစ်ဟာချက်ရှိသွားရင် ထိရောက်အောင် အရေးယူနိုင်ဖို့ဆိုတာ မဖြစ်ပါဘူး။ အဲဒီတော့ ထိရောက်အောင်အရေးယူနိုင်မှု မဖြစ်ဘူးဆိုလို့ရှိရင် သဘာဝပတ်ဝန်းကျင်ကလည်း ပျက်စီးတယ်။ နောက်တစ်ခုပြပါ။ ဟုတ်ပြီ။

ကျွန်တော်တို့ အင်းတော်ကြီးဒေသဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီ ၁၉၉၆ ခုနှစ်၊ ၂၀၁၅ ခုနှစ်အထိ အင်းတော်ကြီး ဘေးမဲ့တောဧရိယာ၊ နောက်တစ်ခုဟာ ဆိုလို့ရှိရင် အရှေ့တောင် အာရှရဲ့ အမွေအနှစ်၊ နောက်တစ်ခုက ကမ္ဘာ့ရေတိမ်ဒေသ၊ နောက်တစ်ခု ဆိုလို့ရှိရင် ကျွန်တော်တို့ ဇီဝအဝန်းအဝိုင်းအဖြစ် လွန်ခဲ့တဲ့(၅)လပိုင်း ပြင်သစ်မှာ ကျွန်တော်တို့ သတ်မှတ်ခဲ့ပြီး နောက်တစ်နှစ်က ယူနက်စကို ကနေပြီးတော့ ကမ္ဘာ့အမွေအဖြစ် သတ်မှတ်တော့မှာ။ ဒီလိုကာလမျိုးမှာ ဝန်ကြီးဌာနအနေနဲ့ ကြည့်လိုက်တော့ ဝန်ကြီးဌာနရဲ့လက်အောက်မှာ ဦးစီးဌာန(၇)ခု ရှိပါတယ်။ ဒီ(၇)ခုနဲ့ ပတ်သက်တာကို နောင်ကျန်နေတဲ့ကာလလေးမှာ ဒီကော်မတီကနေပြီးတော့မှ Focus လုပ်ပြီးတော့မှ အဲဒီဝန်ကြီးဌာနအပေါ် ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးခွင့်ရအောင် ဒီ အစီရင်ခံစာတွေနဲ့တကွ အဆိုတွေ တင်သွင်းပေးပါလို့ ပြောကြားရင်နဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၄။**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်က ဒီ သယံဇာတကော်မတီနဲ့ ပတ်သက်ပြီးတော့မှ တွေ့ရှိချက်၊ ထူးခြားတဲ့ တွေ့ရှိချက်လေးနဲ့ ဂုဏ်ပြုဖို့သင့်တဲ့အချက်လေးကို ကျွန်တော် ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဒီမှာ အခန်း(၈)ခန်းနဲ့ အစီရင်ခံစာကို ရေးပြထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မနေ့ကလည်း သယံဇာတဥပဒေ၊ ကျောက်မျက်ရတနာဥပဒေကို ဆွေးနွေးခဲ့ပြီး အတည်ပြုပြီး ဖြစ်ပါတယ်။ ဒီကော်မတီရဲ့ ရည်ရွယ်ချက်ထဲမှာ သယံဇာတတူးဖော်ရောင်းချရေး လုပ်ငန်းများအား ခေတ်မီနည်းပညာဖြင့် ဆိုတဲ့ ရည်ရွယ်ချက်တစ်ခု ပါ ပါတယ်။ အဲဒီတော့ ဥပဒေမှာ ဒီအချက်လေးကို ပါဝင်ထည့်သွင်းဖို့ ကျွန်တော်တို့ လိုအပ်တာလေး ဒီနေရာမှာ ဖြည့်စွက်ပြီးတော့ ပြောကြားလိုပါတယ်။

ဒုတိယတစ်ချက်ကတော့ ဥပဒေကြမ်း တင်သွင်းတဲ့နေရာမှာ သယံဇာတကော်မတီကနေပြီး တော့ မြန်မာ့ကျောက်မျက်ရတနာကို တင်သွင်းခဲ့တာဟာ ကော်မတီရဲ့ လုပ်ငန်းစဉ်နဲ့ ဆက်စပ်မှုလည်း ရှိတဲ့အတွက် ဒါဟာ ချီးကျူးစရာကောင်းပါတယ်။ ကျွန်တော်တို့ ကော်မတီအသီးသီးအနေနဲ့လည်း ကိုယ့်ကော်မတီနဲ့ ဆက်စပ်တဲ့ ဥပဒေတွေကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ တင်သွင်းတဲ့ နေရာမှာ ဒီ Procedure အရဆိုရင် ကော်မတီမှာ အရင်ဆွေးနွေးပြီးတော့မှသော်လည်းကောင်း၊ ဥပဒေကြမ်းမှ ဆွေးနွေးပြီးမှသော်လည်းကောင်း၊ ဒီလိုဆွေးနွေးခြင်းအားဖြင့် ပိုပြီးတော့ ပြည့်ပြည့်စုံစုံ အချက်အလက်တွေရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီ အစီရင်ခံစာမှာ သယံဇာတအနေနဲ့ ဥပဒေကြမ်း တင်သွင်းတဲ့နေရာမှာ သက်ဆိုင်ရာ Stakeholder တွေကို ဆွေးနွေးခဲ့တဲ့အချက်ကတော့ ဒါ ချီးကျူးစရာ ဖြစ်ပါတယ်။

ဒုတိယတစ်ချက်ကတော့ ဒီ ကျောက်မျက်ရတနာ ဥပဒေကြမ်းဟာ (၂)လပိုင်းကတည်းက တင်သွင်းခဲ့ပြီးတော့မှ ယခုမှသာ ဥပဒေကြမ်း တင်သွင်းခဲ့တဲ့အချက်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဥပဒေကြမ်း ဆွေးနွေးတာတွေ၊ ဥပဒေကြမ်း အတည်ပြုတာတွေနဲ့ ပတ်သက် ပြီးတော့ တစ်ခါတစ်ရံ တချို့ဥပဒေတွေက မြန်တယ်။ တချို့ဥပဒေတွေက နှေးတယ် ဆိုတဲ့ အချက် ကတော့ ဒါ ကျွန်တော် ထောက်ပြလိုတဲ့အချက်ဖြစ်ပါတယ်။ ဥပမာဆိုရရင် မကြာသေးခင်က မူးယစ် ဆေးဝါးဥပဒေ တင်သွင်းပါတယ်။ ကျွန်တော်တို့ ဆွေးနွေးဖို့ အမြန်ဆွေးနွေးရပါတယ်။

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်တော်ကြီး၊ ကျွန်တော် ဆိုလိုတာ ခုနကတည်းက ကျွန်တော် ပြောထားတယ်။ သူ့ရဲ့ အစီရင်ခံစာပေါ်မှာ အဓိကထားပါ။ ဆွေးနွေးပေးပါ။

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဒီအစီရင်ခံစာရဲ့ အပိုဒ်(၅)မှာ သူ ရေးထားပါတယ်။ ရေးဆွဲပြီးသော်လည်း (၅)လကြာသည်အထိ

ဥပဒေအဖြစ် အတည်မပြုနိုင်သေးပါ ဆိုတဲ့အချက်ကို ကျွန်တော် ထောက်ပြီးတော့ ဒီဥပဒေတွေ ရေးဆွဲပြီးတော့ ဒီ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးတဲ့နေရာမှာ ဘယ်လို Procedure တွေနဲ့လည်း ဆိုတာကို ဒီအချက်ကို ကျွန်တော် ထောက်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။

တတိယအချက်ကတော့ ကျွန်တော်တို့ သယံဇာတကော်မတီဟာ ကျွန်တော်တို့နိုင်ငံမှာ SEE တွေ အများကြီး ရှိပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဟာ သယံဇာတအပေါ်မှာ အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေ အများကြီး ရှိပါတယ်။ ဒီအချက်တွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးတာမျိုးတွေ ပိုပြီးတော့ အထူးပြုပေးဖို့ နောက်တစ်ကြိမ်မှာ လိုအပ်မယ်လို့ ထင်ပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းရဲ့ အခန်းကဏ္ဍဟာ ကျွန်တော်တို့နိုင်ငံမှာ တော်တော်လေးကို ဝန်ထုပ်ဝန်ပိုး ဖြစ်နေတာတွေ၊ အောင်မြင်မှုတွေ၊ ကျရှုံးမှုတွေ အများကြီးကို တွေ့နေရလို့ ဒီအစီရင်ခံစာမှာ နိုင်ငံပိုင်စီးပွားရေးနဲ့ ပတ်သက်ပြီးတော့လည်း ထည့်သွင်းပေးဖို့လည်း လိုအပ်ပါတယ်။

နောက်တစ်ချက်ကတော့ MEITI နဲ့ ပတ်သက်ပြီးတော့ တွေ့ဆုံပွဲတွေ၊ ဆွေးနွေးပွဲတွေ မေးမြန်းမှုတွေ ကော်မတီအနေနဲ့ ပိုပြီးတော့လုပ်ပေးဖို့လည်း လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။ ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် ဒါ လုပ်ငန်းတွေရဲ့ Performance တွေကို ကျွန်တော်တို့ သိသလို MEITI နဲ့ ဆွေးနွေးခြင်းအားဖြင့် ဘတ်ဂျက်တွေကိုလည်း ကျွန်တော်တို့ တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ဒီအစီရင်ခံစာကနေ ကျွန်တော် တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် နောင်တစ်ချိန်မှာ အစီရင်ခံစာမှာ ဒီအချက်တွေကို ထည့်သွင်းပေးဖို့ ကျွန်တော် ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၈။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ဆွေးနွေးမှုကို Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်လို့ ကော်မတီတင်သွင်းခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေမူကြမ်းမှာ အကြီးစားတူးဖော်မှုဇရိယာတွေကို များစွာ လျှော့ချပစ်လိုက်တာကပဲ ကော်မတီရဲ့ ကြီးမားတဲ့ကြိုးစားမှုတစ်ခုလို့ မြင်မိပါတယ်။ ဒါပေမဲ့ ရှေ့ဆက်ပြီး ထိရောက်စွာ အကောင်အထည်ဖော်နိုင်အောင်လို့ အပြုသဘောနဲ့ ဆွေးနွေးချင်ပါတယ်။

အစီရင်ခံစာရဲ့အစ ရည်ရွယ်ချက်နဲ့ နိဒါန်းအပိုင်းမှာပဲ ဘယ်လိုရည်ရွယ်ပြီး ဖွဲ့စည်းထားပါတယ်လို့ ကနဦးဖော်ပြချက်များဟာ သင့်လျော်ပေမယ့် ကော်မတီရဲ့ အမည်နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းတွေကို ရည်ရွယ်ချက်ထဲ မပါဝင်လို့ ထည့်သွင်းထားစေချင်ပါတယ်။ ဒါကြောင့်မို့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေမူကြမ်း တုန်းက ယခင် ဥပဒေများနည်းတူ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် မပျက်စီးဖို့ ကာကွယ်ပေးမယ့် နိုင်ငံတကာစံနှုန်းတွေ အားနည်းနေမှာကို စိုးရိမ်မိတာပါ။ ကော်မတီရဲ့ အစီရင်ခံစာ စာမျက်နှာ(၄)ပါ ကျောက်မျက်ကုမ္ပဏီများမှ စည်းကမ်းမဲ့ မြေစာစွန့်လို့ သဘာဝပတ်ဝန်းကျင် ထိခိုက်ရတာကို ဒေသခံ တွေ တိုင်ကြားမှုကြောင့် ကော်မတီအနေနဲ့ ရက်တို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကချင်ပြည်နယ်၊ လုံးခင်း၊ ဖားကန့်နယ်မြေတွင်း ကုမ္ပဏီ(၈၀၀)ကျော်ရဲ့ လုပ်ကွက်(၇၄၀၀)မှာ ယန္တရားစာရင်းဟာ တရားမဝင် မပါဘဲနဲ့ Back Hoe (၁၁၉၉)စီး၊ မြေသယ်ယာဉ်(၂၈၄၄)စီး စတဲ့ ဒီထက်မကပိုများတဲ့ စက်အင်အား များကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအခြေအနေကို အဖတ်ဆယ်မရလောက်အောင် ကိုယ်တိုင် မြင်တွေ့ခဲ့ကြပြီမို့ ကော်မတီအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုတာကို ဒီထက်ပိုမိုကြိုးစားပြီး အလေးထားဆောင်ရွက်ဖို့ လိုပါမယ်။ ကွင်းဆင်းကြည့်ရှုစဉ်အတွင်း လုပ်ငန်းများရပ်ဆိုင်းထားခြင်း ဟာလည်း ပကတိအခြေအနေမှန်ကို တာဝန်ရှိသူတွေက မရိုးမသား ထိန်ချန်ထားသလိုဖြစ်လို့ ခေတ်ပြောင်းပေမယ့် စနစ်အဟောင်းက အလိမ်အညာနည်းတွေနဲ့ အကြိမ်ကြိမ် ညာဖြီးနေဦးမှာကို ဒေသခံတွေက သံသယရှိနေကြပါတယ်။

ဖားကန့်၊ လုံးခင်း တင်မက ကံဆီး၊ ဝေ့ခါ၊ တောမှော်၊ တာမခံ၊ ဟောင်ပါး၊ ဆည်ဇင်း စတဲ့ ဥရုချောင်း ဘေးဝဲယာနေရာတွေအပြင် မော်ဟန်နန့်မချီ ခန္တီးဒေသလုပ်ကွက်တွေမှာရှိတဲ့ စက်ယန္တရား များစွာရဲ့ သားသမင်ကို ကျားသားရေတွေ ဝိုင်းဆွဲနေသလိုမျိုး လုပ်ကိုင်မှုတွေကြောင့် ပျက်စီးခဲ့ရတဲ့ သဘာဝပတ်ဝန်းကျင်ရဲ့ အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုတန်ဖိုးဟာ တွက်ဆလို့တောင်မရနိုင်လို့ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ကော်မတီကြီးအနေနဲ့ ဒေသအနှံ့ တစ်ကြိမ်မက ကွင်းဆင်းဖို့ကို လည်း အကြံပြုလိုပါတယ်။

အကြောင်းအရင်းကတော့ ဖားကန့်၊ ဥရုဒေသရဲ့အရေးဟာ ချင်းတွင်း၊ ဧရာရဲ့ အရေးဖြစ် သလို ချင်းတွင်း၊ ဧရာရဲ့ အရေးဟာလည်း မြစ်ဝကျွန်းပေါ်အပါအဝင် တစ်နိုင်ငံလုံးကို ရိုက်ခတ်စေတာမို့ နှစ်စဉ် ရေကြီးရေလျှံဒုက္ခနဲ့ သီးနှံစပါးစိုက်ခင်း ပျက်စီးဧရိယာတွေ ပိုမိုများပြားလာမယ့် မြန်မာနိုင်ငံ အဖို့ သယံဇာတကျိန်စာကြောင့် နောက်မျိုးဆက်တွေကို တစ်ချိန်က အီသီယိုးပီးယားလို မဖြစ်ဖို့ အားလုံးမှာ တာဝန်ရှိသလို  ကော်မတီအနေနဲ့လည်း ဆိုင်ရာဌာနတွေအပေါ် အကြံပြု ထိန်းညှိနိုင်ဖို့ အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဦးစားပေးဆောင်ရွက်ဖို့ အခုလို အလေးထား တင်ပြ နေရခြင်း ဖြစ်ပါတယ်။ ပိုဆိုးတာက ကျောက်မျက်ကုမ္ပဏီအများစုဟာ ကုန်ဆုံးသွားတဲ့ ရတနာနယ် မြေရဲ့ (၇၀)ရာခိုင်နှုန်းကျော်ကို တူးဖော်ရာမှာ စည်းကမ်းမဲ့မြေစာပုံခဲ့ကြပြီး အနီးကပ်ကြီးကြပ်တဲ့ ဌာန ဆိုင်ရာ ဝန်ထမ်းအချို့ကလည်း လုပ်ငန်းရှင် ပေးကမ်းစာနဲ့ ကျေနပ်နေပြီး တာဝန်မဲ့စွာ ရေငုံနှုတ်ပိတ် နေရုံမက လုပ်ငန်းရှင်တွေကိုကာကွယ်တဲ့ အကြောင်းအရာတွေကို ပုံဖော်ခဲ့ဖူးပါတယ်။ ကျောက်စိမ်းတွင်း အများစုဟာ ဟင်းလင်းဖွင့်တူးတာမို့ အပေါ်ယံမြေစာကို သီးခြားပုံ မသုံးတဲ့မြေစာများကိုလည်း မှန်ကန်တဲ့နည်းစနစ်နဲ့ မပြိုကျအောင် သီးသန့်ပုံရပါမယ်။ လုပ်ငန်းပြီးရင် နောက်ဆုံးထုတ်ယူတဲ့ မြေသားကို ချိုင့်ဝှမ်းထဲ ဦးစွာဖို့၊ ပထမ အပေါ်ယံမြေကို နောက်ဆုံးဖို့ပြီး ဒေသအလိုက် သဘာဝ


ပေါက်ပင် ပြန်စိုက်ဖို့ ကုန်ကျစရိတ်တွေကို နိုင်ငံတော်မှ ကြိုတင်ကောက်ခံမှုကို ပညာရှင်များနဲ့ တွက်ချက်ပြီး (၁)နှစ်တစ်ခါ ရယူထားရပါမယ်။

လက်ရှိမှာတော့ ပြည်သူနဲ့ နိုင်ငံတော်အတွက် အကျိုးအမြတ် အမှန်တကယ်ရှိမယ့် ဥပဒေစည်းမျဉ်းများ အားနည်းနေတာကို ဒေသခံလုပ်ငန်းရှင်တစ်ဦးက တစ်သက်စားမကုန်တဲ့ ငတက်ပြားအမြဲ့အဖွဲ့ရဲ့ မရပ်မနားအကုန်ကဲ့တဲ့ မူဝါဒအဟောင်းအတိုင်းသာ ဆိုရင်တော့ ဒါတို့ပြည် ဒါတို့မြေ ဒါငါတို့မပိုင်တဲ့မြေလို့ ဆိုရမလားပဲလို့ ညည်းတွားနေဖူးပါတယ်။ စံတော့ တခြား ခံတော့အများဖြစ်နေတဲ့ မြန်မာပြည်ရဲ့ အိမ်နီးချင်းကို လှမ်းမျှော်ကြည့်လိုက်ရုံနဲ့ ပုန်းလျှိုးကွယ်လျှိုး ထုတ်ယူနည်းမျိုးတွေကြောင့် နှစ်(၂၀)မတိုင်ခင် ကျောက်စိမ်းမြို့တော်ကြီးအဖြစ် တိုးတက်ကြီးပွားသွားတဲ့ နယ်စပ်အနားက ရွှေလီ၊ ဂျယ်ခေါင်မြို့တွေကို မြင်လိုက်ရရင် လွန်ခဲ့တဲ့ကာလအတွင်း အချင်းချင်းမျက်နှာသာပေးကိုယ်ရဖို့အရေး ကိုယ်ကြံဖန်၊ တစ်ကိုယ်ကောင်းဆန်တဲ့စနစ်မျိုးကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းအပေါ် ဆိုးကျိုးသက်ရောက်မှုများ အခွန်ရှောင် ကျောက်ခိုးထုတ် လုပ်ချင်သလိုလုပ်ခဲ့ကြတဲ့ အားနည်းမှုများ ပြည့်နှက်နေတဲ့ ဒီစနစ်ဆိုးကို ဒီခေတ်မျိုးမှာမှ မပြုပြင်နိုင်ရင် ကုလားကြီးနဲ့ အရာကြီး ဘယ်လိုနည်းနဲ့မှ ထူးခြားလာမှာ မဟုတ်ပါဘူး။ အကျိုးတူဆိုပြီး လုပ်ခဲ့သမျှ အဆိုးပူတွေ ရှုပ်ပွပြီး မရိုးသူတွေ အထုပ်မခဲ့ကြလို့ ပျက်စီးသွားတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ သယံဇာတတွေကို ဘယ်လို ကုစားမလဲ၊ ဘယ်လို ထိန်းသိမ်းမလဲ မစဉ်းစားဘဲ အတစ်,အစ,မကျန်အောင် အမြစ်ကလှန်ဖို့ ကြိုးစားနေတဲ့ ဥပဒေသ မျိုးဆိုရင် ဘယ်လူမျိုးကမှ လက်ခံချင်မှာ မဟုတ်ပါဘူး။

မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းနဲ့ Debate လုပ်ခဲ့တဲ့ပွဲရဲ့ တင်ပြချက်အချို့ဟာ အောက်ခြေအဖွဲ့များရဲ့ သဘောထားမဟုတ်လို့ လွှတ်တော်အသံ၊ ခရိုပြာအသံ မဖြစ်ဖို့ကိုလည်း ဂရုစိုက်သင့်ပါတယ်။ ကော်မတီရဲ့ ဖားကန့်ရဲ့ ခရီးစဉ်မှာ ဒေသခံတွေ တောင်းဆိုတဲ့ ရေမဆေးကျောက် ရှာဖွေသူများ လျော့နည်းပပျောက်ရေးနဲ့ တရားဥပဒေနဲ့အညီ လုပ်ကိုင်နိုင်စေရန် စီမံဆောင်ရွက်ပေးသင့်ပါကြောင်း ဆိုတာနဲ့ပတ်သက်ပြီး (၅)ဧကထက်မပိုဘဲ လုပ်ကွက် သတ်မှတ်ခြင်းဟာ ယန္တရားများကို လျှော့ချသလိုဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုလည်းလျော့၊ လုပ်ကွက်ငယ်တွေမှာ ရေမဆေးကျောက် ရှာဖွေသူများလည်း အလုပ်ရ၊ အလွန်သင့်တော်တဲ့အလုပ်တစ်ခုဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ ပြောရရင် တကယ်တော့ ရေမဆေးဆိုတာ သေဘေးနဲ့ နေ့စဉ်ရင်းပြီး ကိုယ့်ဒေသက ပစ္စည်းကို ကိုယ်လုစားရတဲ့နည်းနဲ့ ဝမ်းစာရှာနေကြတဲ့ တိုင်းရင်းသားပေါင်းစုံပါဝင်သော ပြည်ထောင်စုရပ်ဝန်းတစ်ခုဖြစ်လို့ ထိန်းမနိုင် သိမ်းမရဖြစ်ခဲ့တာတွေ မှန်ပေမယ့် သူတို့ကိုယ်တိုင် ပူးပေါင်းပါဝင်တဲ့ အထူးစီမံချက် လုပ်ငန်းစဉ်တွေကို သင့်တင့်တဲ့ တရားဝင် အခွင့်အရေးတွေနဲ့ စည်းကမ်းတကျ စီမံဖော်ဆောင်နိုင်ဖို့ လွှတ်တော်ရဲ့ ကျန်ရှိတဲ့ သက်တမ်း(၃)နှစ်ကျော်အတွင်း ကော်မတီအနေနဲ့ အကြံပြုနိုင်မယ်ဆိုရင်တော့ ကျောက်မျက်ဒေသတစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး နိုင်ငံနဲ့ပြည်သူများ လုပ်ငန်းရှင် ကြီးငယ်မဟူ မျှတသောအကျိုးခံစားခွင့်ရှိတဲ့ ကျောက်မျက်ရတနာလုပ်ငန်းများ ပေါ်ပေါက်လာမှာဖြစ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုနှင့် လုံးခင်းကျေးရွာအုပ်စုအတွင်း ကော်မတီမှ ကွင်းဆင်းလေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြပုံ (နန)


(က) ကချင်ပြည်နယ်၊ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုနှင့် လုံးခင်းကျေးရွာအုပ်စုအတွင်းရှိ ကျောက်စိမ်းတူးဖော်သောကုမ္ပဏီများမှ မြေစာများ စည်းကမ်းမဲ့စွန့်ပစ်မှုတို့ကြောင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်ခြင်းအားတင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ကော်မတီမှကွင်းဆင်း လေ့လာ စိစစ်တွေ့ရှိချက်၊ အကြံပြုတင်ပြချက်များကို အစီရင်ခံစာအနေဖြင့် (၂-၅-၂၀၁၇) ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဖြစ်စဉ်တွေလဲကြည့်ပါအုံး။ ဒါတောင်မှော်ဒေသတခု လုံး မဟုတ်သေးဘူး။ ဆိပ်မူကျေးရွာအုပ်စု အတွင်းဘဲ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ (အများစု တရုတ် လူမျိုးများပိုင်) ပေါင်းများစွာပိုင်တဲ့ မြေတူးစက်ကြီး၊ မြေကော်စက်ကြီး ၊ မြေဖောက် စက်ကြီး၊ မြေစာသယ်ကားကြီးတွေရာပေါင်း၊ ထောင်ပေါင်းများစွာက သီးနှံခင်း ၊ ကျိုင်းကောင်ကျသလို နွေမြင်ညပျောက် တောင်တွေပျောက်/တောတွေပြုန်း တရုန်းရုန်းနဲ့ ထင်ရာစိုင်း၊ လုပ်ချင်ရာလုပ်ခွင့် ရနေကြတာများ ၊ အဲ့ဒါ နိုင်ငံတော်နှင့်အကျိုးတူတဲ့ တရားဝင်လုပ်ခွင့်ရတဲ့ ---- ခင်ဗျား ။

ပြည်သူ/ပြည်သားမြန်မာနိုင်ငံသားအစစ်တွေကတော့ စားရမဲ့သောက် ရမဲ့ဘဝ/စားစရာမရှိလို့ ( အလုပ်အကိုင်အခွင့်အလမ်းတွေမရှိလို့ ) မလိုလို့စွန့်ပစ် တဲ့မြေစာပုံတွေကြား ရှာစားရပြန်တော့လဲ မရှာရဘူး/တရားမဝင်ဘူး ---တဲ့ ။ ဒေသ အုပ်ချုပ်ရေးအာဏာပိုင် (ရဲ+စစ်တပ်ပါဝင်) တွေက လူတွေကိုဖမ်း/ပစ္စည်းတွေကိုသိမ်း တချို့ကိုဖမ်းဆီး ၊ တချို့ကိုငွေတောင်းပြန်လွှတ် ၊ တချို့ကိုပုဒ်မတွေတပ်ထောင်ချ

ကုမ္ပဏီတစ်ခုတည်းတွင် အသုံးပြုသော ယန္တရားကြီးများမြင်ကွင်းပုံ (နန-၁ )



မိုင်းတူးဖော်ခြင်းနှင့် ပတ်သက်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုက်နာရမည့် အချက်များ(နိုင်ငံတကာ)စံနှုန်းများ၏ စာရွက်ပုံ (နန-၂)

- မိုင်းတူးဖော်ခြင်းနဲ့ပတ်သက်လို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လိုက်နာရမည့် အချက်များ(နိုင်ငံတကာ)စံနှုန်း

(၁) ကျောက်စိမ်းတွင်း အများစုက ဟင်းလင်းဖွင့်တူးတာမို့

က- ပထမ အပေါ်ယံမြေစာ တစ်မီတာကို သတ်သတ်ပုံ

ခ - နောက်အသုံးပြုမြေစာများကို သီးခြားပုံရပါမယ်

ဂ - မြေစာ ပြိုမကျနိုင်အောင် မှန်ကန်တဲ့နည်းစနစ်နဲ့ပုံပြီး

ဃ- တူးဖော်ရေးလုပ်ငန်းကြောင့် ဝင်ရောက်လာသော ရေများကို သိုလှောင်ကန် အတွင်း သဘာဝအတိုင်းပြုပြင်ပြီးမှ စွန့်ထုတ်ရမယ်

**အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်း ခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက အဆိုတင် သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၄။**

**ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သီဟ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပဉ္စမပုံမှန်အစည်းအဝေးကာလ အတွင်းမှာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ၂၈-၇-၂၀၁၇ ရက်နေ့က ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဖတ်ကြားတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။

ဒီကနေ့ အဲဒီအစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့မှ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဦးကျော်သောင်း၊

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)နဲ့ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)တို့မှ စိတ်ဝင်တစား ပါဝင်ဆွေးနွေးတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ အင်မတန်လည်းဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။ ကျွန်တော်တို့ ကော်မတီနဲ့ ပတ်သက်ပြီးတော့မှ အားသာချက်၊ အားနည်းချက်၊ ကျွန်တော်တို့ကော်မတီရဲ့ အစီရင်ခံစာပေါ်မှာ ကျွန်တော်တို့ ရှေ့ဆက်ပြီးတော့မှ လုပ်သင့်တဲ့အချက်အလက်တွေကို ကျွန်တော်တို့ မမီသေးတဲ့ အချက်တွေ၊ ဒီကျွန်တော်တို့ ပြောသင့်၊ ဆိုသင့်တဲ့အချက်တွေကို အကြံပြုဝေဖန်ပြီးတော့မှ၊ ဆွေးနွေးပြီးတော့မှ ပြောသွားတဲ့အတွက် ကျွန်တော်တို့ အကုန်လုံး မှတ်တမ်းတင်ပြီးတော့မှ ထားပါတယ်။ အဲဒါကို ကျွန်တော်တို့ လက်ရှိ ဒီအချိန် တစ်ချိန်အတွင်းမှာပဲ ချက်ချင်းအကုန်လုံးကို ဖြေကြားတာ မဟုတ်ဘဲနဲ့ ကျွန်တော်တို့ ကော်မတီအားလုံးနဲ့ ညှိနှိုင်းပြီးတော့မှ ဒါကို ပြန်ပြီးဆွေးနွေး စိစစ်ပြီးတော့မှ အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့ ဆက်လက်ပြီး ကြိုးစားဆောင်ရွက်ပါမယ် ဆိုတာကို ဒီနေရာမှာ ပြောကြားပါရစေ။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော်မတီဝင်များအနေနဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူလက်ခံ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို

ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက် (တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၁၂း၁၉ နာရီအချိန်တွင် ရပ်နားပါသည်။]